# ချောက်ကမ်းပါးစွန်းသို့ တွန်းပို့ခံရခြင်း

## ကချင်-တရုတ်နယ်စပ်ရှိ ပဋိပက္ခနှင့် လူကုန်ကူးမှုများ

*ဇွန်လ ၂၀၁၃ တွင်ထုတ်ဝေသည်။*

# ကျေးဇူးတင်လွှာ

ကချင်အမျိုးသမီးများအစည်းအရုံး (ထိုင်းနိုင်ငံ) ၏ ယခုအစီရင်ခံစာဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်း ကူညီကြသော၊ ဘဏ္ဍာရေးအားဖြင့် ထောက်ပံ့ပေးသော အလှူရှင်များ၊ အချက်အလက်များကောက်ခံရာတွင် အကူ အညီပေးခဲ့သော ကချင်လူထုများ (Fellow Kachin Community)၊ အဖွဲ့ဝင်များ၊ ဤအစီရင်ခံစာ ထုတ်လုပ်နိုင်ရေးအတွက် အခြား ပံ့ပိုးကူညီပေးခဲ့သူများ၊ အထူးသဖြင့် ကိုယ်တွေ့အတွေ့အကြုံဇာတ်ကြောင်းများကို ဖလှယ်ပေးခဲ့သော အမျိုးသမီးများ အား အထူးပင် ကျေးဇူးတင်ရှိပါသည်။

# မာတိကာ



***အလယ်၌ ပိတ်မိနေခြင်း -*** *ကချင် စစ်ပြေးဒုက္ခသည်စခန်းနှင့် တရုတ်နိုင်ငံကို ဆက်သွယ်ထားသော တံတားကို ဖြတ်ကူးနေစဉ်။*


**မိတ်ဆက်** ........ ၄။

**အစီရင်ခံစာ အနှစ်ချုပ်** ........ ၅။

**အစီရင်ခံစာ ဖြစ်မြောက်ရေး လုပ်ဆောင်မှုနည်းလမ်း** ........ ၈။

**စစ်မဖြစ်ပွားခင် လူကုန်ကူးမှုများ** ........ ၉။

**နယ်စပ်သို့ထွက်ပြေးတိမ်းရှောင်ခြင်း** ........ ၁၁။

**အဘယ့်ကြောင့် ပဋိပက္ခနှင့် နေရာရွှေ့ပြောင်းမှုများသည် လူကုန်ကူးမှုအား ပိုမိုအားဖြစ်စေသနည်း** ........ ၁၂။

တရုတ်နိုင်ငံနှင့် ထိစပ်မှုရှိခြင်း ........ ၁၂။

တရားဝင်အထောက်အထားမရှိခြင်း ........ ၁၃။

ငွေကြေးလိုအပ်ခြင်းနှင့် အထောက်အပံ့မရှိသလောက် နည်းပါးခြင်း ........ ၁၅။

မိသားစုများတကွဲတပြားဖြစ်ခြင်း ........ ၁၅။

ပညာရေးအခွင့်အလမ်းဆုံးရှုံး ........ ၁၆။

ရွှေ့ပြောင်းသူများ နေရပ်ပြန်ရန် ခက်ခဲခြင်း ........ ၁၆။

**လူကုန်ကူးမှုပြဿနာအား ကိုင်တွယ်ဖြေရှင်းခြင်း** ........ ၁၇။

ဒေသတွင်း အကူအညီပေးမှု ယန္တရားများ ........ ၁၇။

အလုပ်မဖြစ်သော မြန်မာအစိုးရ၏ လူကုန်ကူးမှု တိုက်ဖျက်ရေးဝန်ဆောင်မှုများ ........ ၁၈။

တရုတ်အာဏာပိုင်များ၏ တုံ့ပြန်မှုများ ........ ၂၀။

စစ်ပြေးဒုက္ခသည်များအတွက် ထောက်ပံ့မှုသိပ်မပါသည့် နိုင်ငံတကာအာရုံစိုက်မှု ........ ၂၁။

**ရွေးချယ်ခံထားသည့် ဇာတ်ကြောင်းများ** ........ ၂၃။

ရွှေ့ပြောင်းခဲ့ရခြင်း၊ ကွဲကွာခဲ့ရခြင်းနှင့် ရောင်းစားခံရခြင်း ........ ၂၃။

လိုင်ဇာမှ လူကုန်ကူးခံရခြင်း ........ ၂၄။

ဖူဂျန်တွင် လက်ထပ်ထိမ်းမြားရန်အတွက် ရောင်းစားခံရခြင်း ........ ၂၅။

**နိဂုံးချုပ်နှင့် အကြံပြုချက်များ** ........ ၂၇။

**နောက်ဆက်တွဲ** ........ ၂၉။

# မိတ်ဆက်

ယေဘုယျအားဖြင့် ကြည့်ပါက မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အားကြိုးမာန်တက်လုပ်ဆောင်လျှက် ရှိသည်ဟု မြင်နိုင်ပါသည်။ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ နိုင်ငံတကာတွင် အဆိုးရွားဆုံးအဆင့်ကို ကြာ ရှည်စွာ လက်ခံရရှိထားသော မြန်မာနိုင်ငံသည် အချို့သောလူကုန်ကူးမှုနှင့်သက်ဆိုင်သည့် ပေါ်လစီများ ပြင်ဆင်ခြင်း နှင့် လုပ်ငန်းစဉ်သစ်များချမှတ်ပြီးသည့်နောက်တွင် ရလာဒ်အဖြစ် တဖြည်းဖြည်း အဆင့်တိုးမြင့်ခဲ့သည်။

လူကုန်ကူးမှုဆန့်ကျင်ရေးအထူးလုပ်ငန်းအဖွဲ့ရုံးခန်းများမှ လူကုန်ကူးမှုနှင့်ပတ်သက်သည့် အရေးပေါ် ခေါ်ဆိုနိုင်သည် ဖုန်းလိုင်းများ စတင်ဖွင့်လှစ်လိုက်ခြင်း၊ လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေး စတစ်ကာနှင့် ပိုစတာများ တနိုင်ငံလုံး အတိုင်းအတာဖြင့် ဖြန့်ကျက်ကြောငြာထားခြင်းနှင့် လူကုန်ကူးမှုနှင့်ပတ်သက်သည့် ပညာပေးလှုပ်ရှားမှုတခုအနေဖြင့် အမေရိကန်မှ အဆိုတော် Jason Mraz အားဖိတ်ခေါ်၍ များမကြာမီက MTV နှင့် အတူပူးပေါင်းကာ အခမဲ့ ဖျော်ဖြေပွဲ ကြီးတခုကို ရန်ကုန်တွင်ပြုလုပ်ခြင်း စသည်တို့ကို လုပ်ဆောင်ခဲ့သည်။

တချိန်တည်းတွင် ကီလိုမီတာ ထောင်ချီဝေးသည့် မြန်မာပြည်မြောက်ပိုင်းတွင် ကြီးမားသည့် ပဋိပက္ခစစ်ပွဲကြီး ဖြစ်ပွား လျှက်ရှိသည်။ အစိုးရစစ်တပ်များ၏ ထိုးစစ်ကြောင့် ဒေသခံ ထောင်ပေါင်းများစွာတို့သည် မိမိတို့၏ နေအိမ်များမှ လူကုန်ကူးခံရမှုအန္တရာယ်များရှိသည့် တရုတ်နယ်စပ်ဘက်သို့ ထွက်ပြေးတိမ်းရှောင်ကြရသည်။

မြန်မာအစိုးရ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့မှ ပြောဆိုနေသော အခြေအနေများနှင့် အောက်ခြေတွင် လုပ်ဆောင် လျှက်ရှိသည့် အလုပ်မဖြစ်သော လုပ်ဆောင်ချက်များအကြား ကွာဟချက်များကို ဤအစီရင်ခံစာအတွင်းတွင် ထောက်ပြပြောဆိုထားသည်။

မိမိတို့ အစောပိုင်းထုတ်ပြန်ထားသည့် "မောင်းနှင်ခံရခြင်း (၂၀၀၅)" နှင့် "အရှေ့ခြမ်းမှ တည်းနှောင်းခံရမှု (Eastward Bound) (၂၀၀၈)" အစီရင်ခံစာများတွင် တရုတ်-မြန်မာနယ်စပ်တလျှောက်ရှိ လူကုန်ကူးမှု ဖြစ်ပွားမှုပမာဏများ တိုးမြင့် လာမှုအခြေအနေကို မှတ်တမ်းတင်ထားသည်။ ယခုအစီရင်ခံစာသစ်တွင်လည်း လူကုန်ကူးမှုနှင့်ပတ်သက်၍ အသစ်တဖန်ဖြစ်ပွားနေသော ပဋိပက္ခစစ်ပွဲ၏ အကျိုးသက်ရောက်မှုများကိုပါထည့်သွင်းထားသည်။ မိမိတို့ရှာဖွေတွေ့ရှိချက်များသည် ခက်ခဲရှုပ်ထွေးလှသည့် လူကုန်ကူးမှုပြဿနာကြီးအတွက် ပိုမိုသင့်လျော်ကောင်းမွန်သည့် တုံ့ပြန် ဖြေရှင်းနည်းများကို ရရှိရန် အထောက်အကူပြုနိုင်လိမ့်မည်ဟု မိမိတို့အနေဖြင့် ရိုးသားစွာ မျှော်လင့်ပါသည်။

# အစီရင်ခံစာအနှစ်ချုပ်

မြန်မာအစိုးရမှ ကချင်လူမျိုးများအပေါ် အသစ်တဖန် ပြန်လည်စတင်လိုက်သည့် ထိုးစစ်ဆင်တိုက်ခိုက်မှုများသည် တရုတ်-မြန်မာနယ်စပ်တလျှောက်တွင် လူကုန်ကူးခံရနိုင်မှုအန္တရာယ်များကို ပိုမိုလျင်မြန်စွာ မြင့်မားလာစေခဲ့သည်။ ကြီးမားသည့် ရွှေ့ပြောင်းနေထိုင်ရခြင်းများ၊ ဒုက္ခသည်များအား ကာကွယ်စောင့်ရှောက်မှု နည်းပါးခြင်းနှင့် လူသားချင်း စာနာထောက်ထားမှုအကူအညီများ မရှိသလောက် နည်းပါးခြင်းသည် လူကုန်ကူးမှုပြဿနာကို ပိုမို ကြီးပွားလာအောင် သိသာထင်ရှားစွာ တွန်းအားပေးနေသည်ကို ကချင်အမျိုးသမီးများအစည်းအရုံး (ထိုင်းနိုင်ငံ) ၏ အသစ်ရေးသားထား သော မှတ်တမ်းပြုစုမှုများတွင် မီးမောင်းထိုးဖော်ပြထားသည်။

မြန်မာစစ်တပ်မှ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ကို ထိုးစစ်ဆင် တိုက်ခိုက်နေသည်မှာ ဇွန်လ ၂၀၁၁ ကတည်းမှဖြစ်ပြီး များပြားလှသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် အထူးသဖြင့် ကချင်ပြည်နယ် အရှေ့ဖျားပိုင်းရှိ ဒေသခံရွာသား ၁ သိန်းကျော်မှာ နေအိမ်မဲ့ ဦးမှထွက်ပြေးတိမ်းရှောင်နေခဲ့ကြရသည်။ ထိုဒုက္ခသည်အများစုမှာ တရုတ်နယ်စပ်တလျှောက် ရှိ လူဦးရေထူထပ်လှပြီး နိုင်ငံတကာမှ အကူအညီအထောက်အပံ့ မရှိသလောက်နည်းပါးသည့် စစ်ရှောင်ဒုက္ခသည် (IDP) စခန်းများသို့ ထွက်ပြေးတိမ်း ရှောင်ခဲ့ကြရသည်။

ဝင်ငွေရရှိရေးအတွက် ရွှေ့ပြောင်းအလုပ်သမားအဖြစ် တရုတ်နိုင်ငံအတွင်း အလုပ်လုပ်ကိုင်ရန်အတွက် တရားဝင် သွားရောက်နိုင်သည့် နည်းလမ်းမရှိသဖြင့် အများစုမှာ နယ်စပ်ကို တရားမဝင်ဖြတ်ကျော်ကြရလေသည်။ ၎င်းတို့၏ တရားမဝင်သွားလာနေထိုင်မှုများသည် လူကုန်ကူးသူများမှ ထိုသူများ၏ အားနည်းချက်အပေါ်တွင် အမြတ်ထုတ်ကာ လမ်းကြောင်းပေါင်းစုံကိုအသုံးပြုလျက် ၎င်းတို့အား ဝေးလံလှသော တရုတ်ပြည်အရှေ့ဖျားဒေသအထိ အတင်းအဓမ္မ လက်ထပ်ထိမ်းမြားရန်နှင့် ငွေဝယ်ကျွန်အလုပ်သမားများအဖြစ် ကုန်ကူးရောင်းစားနိုင်သည့် အခြေအနေကို ဖန်တီးပေးနေသည်။

ပဋိပက္ခစတင်သည့်အချိန်မှစ၍ ဆက်တိုက်ဖြစ်ပွားနေသော ထိုးစစ်ဆင်မှုများနှင့် လူမှုရေးအခက်အခဲအကြပ်အတည်း များသည် စနစ်တကျ အချက်အလက်များကောက်ယူနိုင်ရေးကို အဟန့်အတားဖြစ်စေသော်လည်း ကချင်အမျိုးသမီး များအစည်းအရုံး (ထိုင်းနိုင်ငံ) သည် ကချင်နယ်စပ်ဒေသတလျှောက်ရှိ လူကုန်ကူးမှု အမှုပေါင်း ၂၄ မှုကို ၂၀၁၁ ခုနှစ် ဇွန်လမှ စတင်ကာ မှတ်တမ်းကောက်ယူခဲ့သည်။ ထိုလူကုန်ကူးခံရသူများမှာ အများအားဖြင့် စစ်ပွဲကြောင့် ထွက်ပြေး တိမ်းရှောင်ခဲ့ရသူ၊ လိမ်လည်လှည့်စားခံရသူ၊ မူးယစ်ဆေးတိုက်ကျွေးခံရသူ၊ မုဒိမ်းကျင့်ခံရသူ အမျိုးသမီးများနှင့် မိန်းကလေးငယ်များဖြစ်ကြပြီး ၎င်းတို့သည် တရုတ်နိုင်ငံရှိ တရုတ်အမျိုးသားများ (သို့မဟုတ်) မိသားစုများထံ သတို့သမီးအဖြစ်သော်လည်းကောင်း၊ အလုပ်သမားအဖြစ်သော်လည်းကောင်း ရောင်းစားခံခဲ့ကြရသည်။ ထိုရောင်း စားခံ အမျိုးသမီးနှင့်ကလေးငယ်များသည် လူကုန်ကူးသူများအတွက် အမြတ်များများကျန်နိုင်သော ဝင်ငွေအရင်း အမြစ်ဖြစ်ပြီး တဦးလျှင် တရုတ်ယွမ်ငွေ ၄ သောင်း (ခန့်မှန်းခြေ အ မေရိကန် ဒေါ်လာ ၆၅၀၀ ခန့်) ရရှိကြသည်။ အချို့ မှာ ထွက်ပြေးလွတ်မြောက်လာကြပြီး အချို့မှာ တရုတ်အာဏာပိုင်များ၏ အကူအညီဖြင့် အိမ်ပြန်နိုင်ခဲ့ကြသော်လည်း အချို့မှာ သတင်းအစအနပင် မရပဲ ပျောက်ဆုံးသွားခဲ့သည်။

ကချင်အာဏာပိုင်များနှင့် ကချင်လူမှုအဖွဲ့အစည်းများသည် လူကုန်ကူးမှုပြဿနာများနှင့်ပတ်သက်၍ ကူညီပေးမှုများ၊ လူကုန်ကူးခံရသူ အမျိုးသမီးများအား ၎င်းတို့၏ မိသားစုများနှင့် ပြန်လည်တွေ့ဆုံနိုင်ရန်အတွက် အကူအညီပေးမှုများ ကို အဓိကအခန်းကဏ္ဍမှနေ၍ ပါဝင်လုပ်ဆောင်လျှက်ရှိသည်။ လူကုန်ကူးခံရသည့် အမျိုးသမီးတစ်ယောက်တစ်လေမျှ (သို့မဟုတ်) ၎င်းတို့၏ မိသားစုဝင် တစ်ဦးတစ်ယောက်မျှ မြန်မာအစိုးရအာဏာပိုင်များထံတွင် လူကုန်ကူးမှု ပြဿနာ များနှင့်ပတ်သက်၍ သွားရောက်အကူအညီတောင်းခံခြင်းများ လုံးဝမရှိပေ။ မြန်မာအစိုးရ၏ လူကုန်ကူးမှု တိုက်ဖျက် ရေးဆိုင်ရာ ဆက်သွယ်ရေးရုံးသည် တရုတ်-ကချင်ပြည်နယ်စပ် လွယ်ဂျယ်တွင်ရှိသော်လည်း အနီးအနား ပတ်ဝန်းကျင်မှ လူများပင် ထိုဆက်သွယ်ရေးရုံးကို မသိရှိကြသည့်အပြင် တာဝန်ကျဝန်ထမ်းများမှာလည်း လက်တွေ့ကျသော လေ့ကျင့်သင်ကြားမှုများ မရှိပေ။

အိုးအိမ်မဲ့စစ်ပြေးဒုက္ခသည်များအား ကာကွယ်စောင့်ရှောက်ရေးနှင့် လူကုန်ကူးမှုအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေများလျော့နည်းလာစေရေး ကြိုးပမ်းလုပ်ဆောင်မှုများနှင့် အလှမ်းဝေးနေသည့်အပြင် မြန်မာအစိုးရသည် စစ်ပွဲများ ဆက်လက်ဖြစ်ပွားရန် အားဖြည့်လျှက်ရှိပြီး နိုင်ငံတကာ လူသားချင်းစာနာမှုအထောက်အကူများ ကချင်ထိန်းချုပ် နယ်မြေအတွင်းရှိ ဒုက္ခသည်စခန်းများသို့

ပို့ဆောင်မှုများကို ပိတ်ပင်တားဆီးနေခြင်းသည် ဒုက္ခသည်များကို တရုတ် နိုင်ငံအတွင်းသို့ တရားမဝင် ဖြတ်ကျော်ဝင်ရောက်ရန် တွန်းပို့လျှက်ရှိသည်။ ထို့အပြင် တရုတ်နိုင်ငံအတွင်း တရားဝင် ဝင်ရောက်နိုင်ပြီး အလုပ်အကိုင်ရှာဖွေနိုင်သည့် နယ်စပ်ဖြတ်ကူးလက်မှတ်ပြုလုပ်ပေးသော တရုတ်-ကချင်နယ်စပ်ရှိ လူဝင်မှုကြီး ကြပ်ရေးရုံးအချို့ကိုလည်း ပိတ်ထားခဲ့သည်။

၂၀၁၂ ခုနှစ်အတွင်း အမေရိကန်အစိုးရမှထုတ်ပြန်သည့် လူကုန်ကူးမှုနှင့်ပတ်သက်သည့် နှစ်ပတ်လည် အစီရင်ခံစာ တွင် မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပိုမိုအားစိုက်လုပ်ဆောင်လာသည်ဟု ချီးကျူး ထားသည့်အပြင် ထိုအစီရင်ခံစာသမိုင်းတလျှောက်တွင် ပထမဦးဆုံးအကြိမ်အဖြစ် အဆိုးဝါးဆုံးအဆင့်မှ တိုးတက်လာ သည်ဟု အသိအမှတ်ပြုထားခြင်းမှာ ရယ်စရာပျက်လုံးတခုကဲ့သို့ ဖြစ်နေသည့်အပြင် မြန်မာနိုင်ငံ၏ အရပ်သားတပိုင်း အစိုးရသည် အကျိုးရလာဒ်အနေဖြင့် ငွေကြေးထောက်ပံ့မှုအကူအညီများ ပိုမိုရရှိရန် အလားအလာများလည်း ရှိနေ ပေသည်။

လက်ရှိဖြစ်ပွားနေသော ပဋိပက္ခကို ပိုမိုကြာရှည်စေပြီး ယခင်က ဖြစ်ပွားခဲ့သော လူကုန်ကူးမှုများနှင့် အစုလိုက်အပြုံ လိုက် ပြောင်းရွှေ့မှုများကို ဖြစ်စေခဲ့သည့်ဖွဲ့စည်းပုံပြဿနာကို အဖြေရှာရန်အတွက် အရေးတကြီး လိုအပ်နေပေသည်။ လွန်ခဲ့သော ဆယ်စုနှစ်ပေါင်းအနည်းငယ်ကတည်းက မြန်မာစစ်အစိုးရ၏ ကချင်ပြည်နယ်အတွင်းရှိ သဘာဝသယံ ဇာတများနှင့်ပတ်သက်၍ ညံ့ဖျင်းသော စီမံခန့်ခွဲမှုများကြောင့်သော်လည်း၊ ဆက်လက်ဖြစ်ပွားလျှက်ရှိသော လယ်ယာ မြေသိမ်းပိုက်မှုများကြောင့်သော်လည်းကောင်း၊ အတင်းအဓမ္မပြောင်းရွှေ့စေခိုင်းမှုများနှင့် လူ့အခွင့်အရေးချိုးဖောက် မှုများသည် ကချင်ပြည်သူအများအပြားကို ငြိမ်းချမ်းရေးရှာဖွေရန်နှင့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းရန်အတွက် တရုတ်နယ်စပ်အတွင်းသို့ ဝင်ရောက်စေရန် တွန်းပို့လျှက်ရှိသည်။ ထိုပြဿနာများကပင် စစ်တပ်ကြီးစိုးထားသော အစိုးရနှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့အကြား တည်ဆောက်ထားသည့် ၁၇ နှစ်ကြာ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်အား ၂၀၁၁ ခုနှစ်အတွင်းတွင် ပျက်စီးစေခဲ့သည်။

စေ့စပ်ဆွေးနွေးရာတွင် ကချင်ပြည်သူများတောင်းဆိုသည့် တန်းတူညီမျှရေးနှင့် တန်းတူညီမျှမှုကို အခြေခံသော ဖွံ့ဖြိုးရေး၊ အစိုးရဘက်မှ ကချင်ပြည်နယ်အတွင်းရှိ သဘာဝသယံဇာတများကို ပြည့်ပြည့်ဝဝ ထိန်းချုပ်နိုင်ရန်အတွက် လုပ်ဆောင်နေသော ထိုးစစ်ဆင်မှုများအကြောင်းကို ထည့်သွင်းဆွေးနွေးရန်အတွက် အစိုးရဘက်မှ ငြင်းဆိုခဲ့သည်။

လတ်တလောဖြစ်ပွားနေသည့် ပဋိပက္ခများကို စစ်မှန်သည့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးခြင်းဖြင့် ပြေလည်အောင် ဖြေရှင်းခြင်းသည်သာလျှင် ငြိမ်းချမ်းရေးဆီသို့ ဦးတည်ရုံမျှမက ကချင်ဒေသအတွင်း ဖြစ်ပွားနေသော လူကုန်ကူးမှုများ ကိုလည်း ကန့်သတ်ထိန်းချုပ်နိုင်သော ခိုင်မာသည့်ခြေလှမ်းတရပ်ဖြစ်ပေသည်။ မြန်မာနယ်စပ်အပြင်သို့ ပြည်သူများကို တွန်းပို့နေသည့် နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ အပေါ်ယံပြုပြင်ပြောင်းလဲမှုများသည် လူကုန်ကူးမှုပြဿနာကို အဖြေရှာ ရန်အတွက် သင့်လျှော်မှန်ကန်သည့် နည်းလမ်းမဟုတ်ပေ။

ထို့ကြောင့် ကချင်အမျိုးသမီးများအစည်းအရုံး (ထိုင်းနိုင်ငံ) အနေဖြင့် အောက်ပါအချက်များကို အကြံပြုတိုက်တွန်း ပါသည်။

## မြန်မာအစိုးရအနေဖြင့်

- မြန်မာနိုင်ငံ၊ ကချင်ဒေသတွင်းရှိ တပ်စွဲထားသော အစိုးရတပ်များကိုရုတ်သိမ်း၍ စစ်တပ်မှ ကျူးလွန်နေသော အကြမ်းဖက်မှု အားလုံးကို အဆုံးသတ်ကာ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများစတင်ရန်။

- လူသားချင်းစာနာထောက်ထားသည့် အကူအညီပေးရေးအဖွဲ့များအား ကချင်ထိန်းချုပ်နယ်မြေများအတွင်းရှိ အိုးအိမ်မဲ့ စစ်ပြေးဒုက္ခသည်များဆီသို့ လွတ်လပ်စွာ သွားလာခွင့်နှင့် ကူညီထောက်ပံ့ခွင့်ပေးရန်။

- တရားဝင် နယ်စပ်ဖြတ်ကျော်ရန်အတွက် အခြားအသုံးပြုနိုင်သည့် သက်ဆိုင်ရာ အထောက်အထားများကို အသုံးပြုခွင့်ပေးရေး အပါအဝင် တရုတ်-မြန်မာနယ်စပ်ရှိအိုးအိမ်မဲ့စစ်ပြေးဒုက္ခသည်များအတွက် နယ်စပ်ဖြတ်ကျော်ခွင့်လက်မှတ်များရရှိရေးဆိုင်ရာ အကူအညီများပေးရန်။

**တရုတ်အစိုးရအနေဖြင့်**

- မြန်မာနိုင်ငံတွင်းရှိ ပဋိပက္ခစစ်ပွဲများကြောင့် ထွက်ပြေးလာသော ဒုက္ခသည်များအား ခိုလှုံခွင့်နှင့် အကာအကွယ်ပေးရန်။

- တရုတ်နယ်စပ်တလျှောက်ရှိ ကချင်ထိန်းချုပ်နယ်မြေအတွင်းရှိ အိုးအိမ်မဲ့ စစ်ပြေးဒုက္ခသည်များအား ကူညီထောက်ပံ့မှုများ ဖန်တီးပေးရန်။

**နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့်**

- မြန်မာနိုင်ငံအပေါ် လတ်တလောဆိုင်းငံ့ထားသည့် ပစ်မှတ်ထားစီးပွားရေးပိတ်ဆို့မှုအား ပြန်လည်လုပ်ဆောင် ရန်။

- ကချင်ထိန်းချုပ်ဒေသများရှိ အိုးအိမ်မဲ့ဒုက္ခသည်များကို ကူညီရန် ဒေသခံ လူထုအခြေပြုလူ့အဖွဲ့အစည်းများ (CBOs) များမှတဆင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ချက်ချင်းပေးရန်။

- လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်သည့် နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် ကချင်ဒုက္ခသည်များရှိရာ ဒေသများတွင် ဝန်ဆောင်မှုများပေးလျှက်ရှိသော ဒေသခံ CBOs အဖွဲ့များအား အသိအမှတ်ပြု ပံ့ပိုးကူညီမှုများလုပ်ဆောင်ရမည်ဖြစ်ပြီး ရှိပြီးသား လုပ်ငန်းစဉ်များနှင့်အပြိုင် ထပ်၍ မလုပ်မိစေရန် သတိပြုရန်။

- လူကုန်ကူးမှုဆန့်ကျင်ရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံတွင်းရှိ လူကုန်ကူးမှုပြဿ နာတရပ်လုံးအား ခြုံငုံသုံးသပ်ဖော်ထုတ်သင့်ပြီး မြန်မာအစိုးရလည်း ထိုနည်းတူစွာ လုပ်ဆောင်နိုင်ရေးတွန်း အားပေးရန်။



***Burma Army air strike:*** *A house in Kachin State burns after being hit by a bomb dropped by Burmese Army forces.  Photo credit - RANIA*

# အစီရင်ခံစာဖြစ်မြောက်ရေးလုပ်ဆောင်မှု နည်းလမ်းများ

**ဤအစီရင်ခံစာပါ အချက်အလက်များကို** ဒေသခံ သုတေသနပြုသူများမှ ၂၀၁၁ ခုနှစ် ဇူလမှ ၂၀၁၃ ဧပြီလအတွင်း KWAT ၏ လူကုန်ကူးမှု ပပျောက်ရေးအစီအစဉ်ဖြင့် ကောက်ယူစုဆောင်းခဲ့ကြသည်။ အစီရင်ခံစာအတွင်း ထည့်သွင်း ဖော်ပြထားသည့် ဖြစ်ရပ် ၂၄ ခုသည် အဓိကအားဖြင့် မိုင်ဂျာယန်နှင့် လိုင်ဇာအနီးရှိ ကချင်ဒုက္ခသည် စခန်းများမှ ဖြစ်ရပ် များဖြစ်သည်။ KWAT အနေဖြင့် ဒေသခံ ကချင်အမျိုးသမီးအစည်းအရုံးနှင့်အတူ ထိုဒုက္ခစခန်းဒေသ များရှိရာ ၄င်းတို့ ၏ အကူအညီပေးဂေဟာ (Crisis support center) များမှတဆင့် လူကုန်ကူးမှုပြဿနာ များကို အဓိကထား မှတ်တမ်းတင် ဖော်ထုတ်ထားသည်။ KWAT သုတေသနပြုသူများသည် လူကုန်ကူးခံရသူများ၊ ၄င်းတို့၏ မိသားစုဝင် များ၊ လူကုန်ကူးသည့်အဖြစ်အပျက်အား မျက်မြင်တွေ့ရှိသူများနှင့် တွေ့ဆုံ၍ ဆက်သွယ်မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုသည်လည်း လက်ရှိ ဒေသတွင်း လူကုန်ကူးမှုပပျောက်ရေးတိုက်ဖျက်မှုလုပ်ငန်းစဉ်များကို နည်းလမ်းအမျိုးမျိုးဖြင့် ဟန့်တားနောက်ယှက်နေသည်။ ပဋိပက္ခကြောင့် လမ်းအမြောက်အမြား ပိတ်ခဲ့ပြီး ဒေသတွင်း တနေရာနှင့်တနေရာ သွားလာမှုကိုလည်း တင်းကြပ်စွာ ကန့်သတ်ပိတ်ပင်ခဲ့သည်။ ထိုကဲ့သို့ အခြေခံ လမ်းပန်းဆက် သွယ်ရေးအားနည်းမှုနှင့် ဒေသတွင်း တိုက်ပွဲများ ဖြစ်ပွားမှုကြောင့် အချို့ ဒုက္ခသည်စခန်းများနှင့် ဆက်သွယ်ရန် အလွန်ခက်ခဲလှသည်။ ဒေသခံ လူထုအခြေပြုအဖွဲ့အစည်းများသည် စစ်ဘေးဒုက္ခသည်များ၏ အခြေခံလိုအပ်ချက် များအတွက် အရေးပေါ် အင်တိုက်အားတိုက် ကူညီဖြေရှင်းပေးနေရသောကြောင့် လူကုန်ကူးမှု ပြဿနာများအပေါ် အာရုံစိုက်ရန် အချိန်မပေးနိုင်ခဲ့ပေ။ ထို့ကြောင့် ယခုအစီရင်ခံစာတွင် ဖော်ပြထားသော လူကုန်ကူးမှုအဖြစ်အပျက်များ သည် ပဋိပက္ခစတင်ခဲ့သည့်အချိန်ကတည်းက ဖြစ်ပွားခဲ့သော လူကုန်ကူးမှုဖြစ်ရပ်အားလုံးထဲမှ တချို့တဝက်မျှသာ ဖြစ် ပါသည်။

**အစအနမျှပင်မကျန် : ဖိုင်းကောင်ဒုက္ခသည်စခန်းအား မြန်မာစစ်တပ်မှ မီးရှို့ဖျက်ဆီးခဲ့ပြီး ဒုက္ခသည်များအား နယ်စပ်မှတဆင့် တရုတ်နိုင်ငံအတွင်းသို့ဝင်ရောက်ရန် တွန်းအားပေးနေခြင်း**

၂၀၁၂ ခုနှစ် ဇူလိုင်လတွင် ရှမ်းပြည်မြောက်ပိုင်း၊ ပန်ဆိုင်း ဒေသအနီး တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့ခြင်းကြောင့် အနီးတဝိုက်ရှိ ကျေးရွာများမှ ကျေးရွာသူရွာသားများသည် တရုတ်နယ်စပ်သို့ ထွက်ပြေးလာကြပြီး ဖိုင်ကောင်းတွင် အခြေချ ခိုလှုံနေထိုင်ခဲ့ကြသည်။ ထိုဖိုင်ကောင်ဒုက္ခစခန်းတွင် လူပေါင်း ၃၀၀ ကျော် နေထိုင်ခဲ့ကြသည်။

၂၀၁၂ ခုနှစ် နိုင်ဝင်ဘာ ၂၈ ရက်နေ့တွင် ကချင်စစ်တပ်အပေါ် မကျေနပ်ချက်အား တုံ့ပြန်ပြသသည့်အနေဖြင့် မြန်မာစစ်တပ် ခြေလျင်တပ်ရင်း ၂၄၀ သည် ဖိုင်ကောင်းစခန်းသို့ ရောက်ရှိလာပြီး မည်သည့်သတိပေးချက်မျှ မရှိပဲ စခန်းတခုလုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။ ယာယီအိမ်ပေါင်း ၄၅ အိမ် မီးလောင်ပြာကျခဲ့ပြီး ဒုက္ခသည်များသည် နယ်စပ်မှတဆင့် တရုတ်နိုင်ငံတွင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။




***Nowhere to go:*** *ဗွီဒီယိုမှတ်တမ်းထဲတွင် ဖိုင်ကောင်းဒုက္ခသည်စခန်း မီးလောင်ကျွမ်းနေပုံ။ ဓာတ်ပုံ – Jinghpaw Kasa*

ဒုက္ခသည်းစခန်းခေါင်းဆောင် ဦးဂွမ်ထန်တူးအား မြန်မာအစိုးရစစ်တပ်မှ ဖမ်းဆီးခဲ့ပြီး KIA ရှိရာ လမ်းပြပေးရန် အမိန့်ပေးခဲ့သည်။ လမ်းခရီးတဝက်တွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ကံကောင်းထောက်မစွာဖြင့် ဦးဂွမ်ထန်တူးသည် ထွက်ပြေးလွတ်မြောက်ခဲ့သည်။ ထို့နောက် ၄င်းသည်လည်း တရုတ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။

မြန်မာအစိုးရစစ်တပ်များ၏ ကျူးကျော်တိုက်ခိုက်မှုအန္တရာယ်မှ လွတ်မြောက်ရန်အတွက် တရုတ်နယ်စပ်သို့ ထွက်ပြေး တိမ်းရှောင်ခဲ့ကြသော ရွာသူ၊ ရွာသား ၃၀၀ ကျော်သည် တရားဝင်နေထိုင်ခွင့်လက်မှတ်နှင့် တရားဝင်ကာကွယ် စောင့်ရှောက်မှု မရရှိကြပဲ လူကုန်ကူးမှု၊ ခေါင်းပုံဖြတ်မှု အန္တရာယ်ကို ဆိုးဝါးစွာ ရင်ဆိုင်နေကြရသည်။

# စစ်မဖြစ်ပွားခင် လူကုန်ကူးမှုများ

**ကချင်ပြည်နယ်အတွင်း ပဋိပက္ခများ ပြန်လည်မဖြစ်ပွားမီ** အချိန်ကတည်းကပင် လူကုန်ကူးမှုပြဿနာသည် စိုးရိမ်ဖွယ်ပြဿနာတရပ်ဖြစ်ခဲ့သည်။ ဖိနှိပ်ချုပ်ချယ်သော နိုင်ငံတော်မူဝါဒများကြောင့် ပြည်သူအများစုမှာ ဆင်းရဲတွင်းနက်ခဲ့ကြရသည်။ ကြီးမားသည့် သဘာဝသယံဇာတထုတ်ယူမှု စီမံကိန်းများ၊ အထူးသဖြင့် စစ်တပ်နှင့်အစိုးရခရိုနီများ ပူးပေါင်းလုပ်ဆောင်သည့် ကြီးမားသည့်စိုက်ပျိုးရေးလုပ်ငန်းများ၊ ကြီးမားသည့် ဆည်တည်ဆောက်မှု စီမံကိန်းများနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများကြောင့် ဒေသခံပြည်သူများသည် ၎င်းတို့နေထိုင်ရာ နယ်မြေမှ အဓမ္မပြောင်းရွှေ့ခံကြရပြီး ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများလည်း ဖျက်ဆီးခံခဲ့ရသည်။ ထိုစီမံကိန်းများမှ ရရှိသည့် တိုင်းပြည်ဘဏ္ဍာငွေများကိုလည်း ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးအတွက် အသုံးမပြုပဲ စစ်တပ်အသုံးစရိတ်အတွက်သာ အဓိက အသုံးပြုခဲ့သည်။ ဤကဲ့သို့ ဆိုးဝါးလှသည့် စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုညံ့ဖျင်းမှုကြောင့် နိုင်ငံတွင်း ငွေကြေးဖောင်းပွမှုနှင့် အလုပ်လက်မဲ့နှုန်း မြင့်မားမှုကို ဖြစ်စေခဲ့သည်။ အလုပ်မဲ့ခြင်း၊ မြေယာမဲ့ခြင်းနှင့် ကုန်ဈေးနှုန်း အဆမတန်ကြီးမားခြင်းကြောင့် ပြည်သူများသည် တရုတ်နိုင်ငံသို့ အလုပ်အကိုင်ရှာဖွေရန်အတွက် ရွှေ့ပြောင်းခဲ့ကြသည်။



***Clear-cut destruction:*** *Lands in the Hukawng Tiger Reserve in Kachin State, including small local farms, were confiscated and razed to make room for commercial sugarcane, tapioca, and jatropha plantations. Photo Credit: KDNG*

မြန်မာအစိုးရ၏ နိုင်ငံသားမှတ်ပုံတင်ကဒ်များနှင့်ပတ်သက်၍ ဥပဒေအရ လိုက်နာဆောင်ရွက်မှုများ ကင်းမဲ့မှုသည် လည်း ဤလူကုန်ကူးမှုပြဿနာများကို ဖြစ်ပွားစေသည့် အကြောင်းအရင်းတခုပင်ဖြစ်သည်။ ထို့ကြောင့် ကချင်ဒေသ များမှ ရွှေ့ပြောင်းအလုပ်သမားအများစုသည် တရုတ်နိုင်ငံတွင်း တရားဝင် အလုပ်အကိုင်ရှာဖွေခွင့်ရရှိမည့် လုံခြုံစိတ်ချ ရသည့် နယ်စပ်ဖြတ်သန်းခွင့် မရှိကြပေ။ ဤအခြေအနေသည် လူကုန်ကူးမှုနှုန်းကို မြင့်မားစေသည်။ ထို့ပြင် တရုတ်နိုင် ငံအတွင်း သတို့သမီးများလိုအပ်မှု၊ လိင်အလုပ်သမများလိုအပ်မှုနှင့် ဈေးပေါသည့် အလုပ်သမားများလိုအပ်မှုအတွက် မှောင်ခိုဈေးကွက်သည်လည်း လူကုန်ကူးမှုကို ဖြစ်ပွားစေခဲ့သည်။ ထိုမှောင်ခိုဈေးကွက်ကြောင့် လူကုန်ကူးသူများနှင့် ပွဲစားများသာ အမြတ်ထွက်ခဲ့ပြီး နောက်ဆက်တွဲ ပြဿနာများကိုပါ ဖြစ်ပေါ်စေခဲ့သည်။

ယနေ့တွင် လူကုန်ကူးမှုပြဿနာဖြစ်စေသည့် ပြဿနာအကြောင်းအရင်းများ တည်ရှိနေဆဲဖြစ်သည့်အပြင် လတ်တ လော ဖြစ်ပွားနေသော ပဋိပက္ခများနှင့် နောက်ဆက်တွဲအကျိုးရလဒ်ဖြစ်သည့် ပြည်သူအမြောက်အမြား ပြောင်းရွှေ့ခံ ရမှုများသည် လူကုန်ကူးမှုပြဿနာကို ယခင်ကထက် ပိုမိုဆိုးဝါးစေခဲ့သည်။

## ကချင်လူမှုအသိုင်းအဝိုင်းအတွင်း ကျား၊ မ ကွာဟချက်

ရှေးရိုးစွဲ ကချင်လူမှုအသိုင်းအဝိုင်းသည် နိုင်ငံရေး၊ ဘာသာရေးနှင့် လူမှုရေးဆိုင်ရာ ဦးဆောင်မှုအခန်းကဏ္ဍတွင် အမျိုးသားများသာ ဦးဆောင်နေသော အမျိုးသားကြီးစိုးသည့် လူမှုအသိုင်းအဝိုင်းတရပ်ဖြစ်သည်။ ကချင်လူမှုအသိုင်း အဝိုင်းရှိ ကျေးရွာသူကြီးများနှင့် ဘာသာရေးခေါင်းဆောင်များအားလုံးမှာ အမျိုးသားများဖြစ်ကြသည်။ အမျိုးသမီးများ မှာမူ အချိန်တန်လျှင် အိမ်ထောင်ပြု၍ လင်ယောကျ်ားများကိုပြုစုရန်၊ ချက်ပြုတ်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်းနှင့် ကလေးပြုစု ထိန်းကျောင်းရေး စသည့် အိမ်တွင်းမှုလုပ်ငန်းများအားလုံးကို လုပ်ကိုင်ကြရသည်။

သို့သော် ကချင်ပြည်နယ်တွင်း ဆင်းရဲမှုနှုန်း မြင့်မားလာခြင်းကြောင့် လင်ယောကျ်ားများသာမက၊ ဇနီးသည်များပင် လုံ လောက်သည့် အိမ်ဝင်ငွေရရှိရေးအတွက် အိမ်ပြင်ထွက် အလုပ်လုပ်ကြရသည်။ မည်သို့ပင်ဆိုစေကာမူ အမျိုးသမီးများ မှာ ဝင်ငွေရသည့် အလုပ်အပြင် ယခင်တာဝန်များဖြစ်သည့် အိမ်တွင်းမှုအလုပ်များအားလုံးကိုပါ တာဝန်ယူလုပ်ကြရ သည်။ ထို့ပြင် ဆယ်စုနှစ်များကြာ ဖြစ်ပွားနေသော ပြည်တွင်းစစ်နှင့် အမျိုးသားများကြား မူးယစ်ဆေးဝါးနှင့် အရက် သေစာသောက်စားမှုမြင့်မားလာသောကြောင့် အမျိုးသမီးအများအပြားသည် အိမ်ထောင်ဦးစီးအဖြစ် ကျန်ရစ်ခဲ့ပြီး မိသားစုအတွက် လုပ်ကိုင်ကျွေးမွေးသူအဖြစ် ပို၍ ဝန်ပိလာကြသည်။

အမျိုးသမီးများအား မိသားစုပြုစုစောင့်ရှောက်သူအဖြစ် သတ်မှတ်သော ဓလေ့ထုံးတမ်းကြောင့် သမီးများသည် မိဘ များနှင့် ညီအစ်ကိုမောင်နှမများအား ကူညီထောက်ပံ့ရမည့်တာဝန်ရှိသည်ဟူသော အယူအဆတရပ်ကို အမြစ်တွယ် စေခဲ့သည်။ မိသားစုအတွင်း ငွေရေးကြေးရေးအရ အကြပ်အတည်းဖြစ်သည့်အချိန်များတွင် အမျိုးသမီးနှင့် မိန်းကလေး ငယ်များသည် အများအားဖြင့် တရားဝင်မှုမရှိပဲ နယ်မြေရပ်ခြားသို့ အလုပ်အကိုင်ရှာဖွေရန်အတွက် ထွက်ခွါကြရသည်။ ဤအခြေအနေသည် အမျိုးသမီးများအား လူကုန်ကူးခံရမှုနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရနိုင်သည့် အနေအထားသို့ တွန်းပို့ခဲ့သည်။ ထို့ပြင် အမျိုးသမီးများသည်် အမျိုးသားတချို့မှ ၎င်းတို့၏မိသားစုထံသို့ ငွေများပေး၍ အကြပ်ကိုင်မှုကြောင့် သဘောဆန္ဒမပါပဲ လက်ထပ်ထိမ်းမြားခံကြရသည်။

ကချင်အမျိုးသမီးများသည် လက်မထပ်ခင် အပျိုစင်ဖြစ်ရမည်ဖြစ်ပြီး လက်မထပ်ခင် လိင်ဆက်ဆံသည့်အတွေ့အကြုံရှိ ခြင်းသည် ပတ်ဝန်းကျင်အသိုင်းအဝိုင်းတခုလုံးအား အရှက်ရစေသည်ဆိုသော ယုံကြည်မှုအစွဲများ ရှိနေသည်။ ထို့ ကြောင့် လူကုန်ကူးခံရသည့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ၎င်းတို့၏ အသိုင်းအဝိုင်းသို့ ပြန်လာသည့်အခါ ကိုယ်ကျင့်တရားမကောင်းသောသူများအဖြစ် ပြစ်တင်ရှုံ့ချခံကြရသည်။


# နယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်ခြင်း

**၂၀၁၁ ခုနှစ် ဇွန်လမှစ၍ မြန်မာအစိုးရစစ်တပ်သည်** ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် ၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ဖောက်ဖျက်၍ ထိုးစစ်ဆင်မှုများကို ပြုလုပ်ခဲ့သည်။ စစ်တပ်လွှမ်းမိုးထား သည့် မြန်မာအစိုးရသည် KIA အား နယ်ခြားစောင့်တပ်အဖြစ် ၄င်းတို့၏လက်အောက် ဝင်ရောက်ရန် အမိန့်ပေးခဲ့ သည်။ သို့သော် တန်းတူရေးနှင့် တန်းတူညီသော ဖွံ့ဖြိုးတိုးတက်မှုအတွက် ၄င်းတို့၏ နိုင်ငံရေးရပ်တည်ချက်ကို စွဲကိုင် လျှက် KIA သည် အစိုးရ၏ အမိန့်ပေးမှုကို ငြင်းဆန်ခဲ့သည်။

စစ်ပွဲပဋိပက္ခနှင့် မြန်မာအစိုးရစစ်တပ်၏ ချိုးဖောက်မှုများကြောင့် ပြည်သူပေါင်း တစ်သိန်းကျော်သည် ၄င်းတို့၏ အိုး အိမ်များကို စွန့်ခွာ၍ တရုတ်နယ်စပ်ရှိ ဒုက္ခသည်စခန်းများရှိရာသို့ ထွက်ပြေးလာခဲ့ကြသည်။ နိုင်ငံတကာထောက်ပံ့ကူ ညီရေးအဖွဲ့အစည်းများသည် အစိုးရထိန်းချုပ်သည့်နေရာများမှ ဒုက္ခသည်စခန်းများဆီသို့ ထောက်ပံ့ကူညီမှုများ ပေးခွင့် ရှိသော်လည်း ကချင်ထိန်းချုပ်သည့် ဒေသများရှိ ဒုက္ခသည် ၇၀,၈၉၁ ယောက်ကျော်အား အကူအညီပေးခွင့်၊ တွေ့ဆုံ ခွင့်များကိုမူ ကန့်သတ်ပိတ်ပင်ခံခဲ့ရသည်။

တရုတ်အာဏာပိုင်များသည် စစ်ပွဲပဋိပက္ခများကြောင့် ထွက်ပြေးလာသော ဒုက္ခသည်များအား ဒုက္ခသည်အဖြစ် အသိ အမှတ်မပြုသည့်အပြင် ၂၀၁၂ ခုနှစ် ဩဂုတ်လအတွင်းတွင် တရုတ်နိုင်ငံအတွင်း ခိုလှုံနေသော အိုးအိမ်မဲ့ ဒုက္ခသည် ထောင်ပေါင်းများစွာကို ပြန်လည်မောင်းထုတ်ခဲ့သည်။ တချိန်တည်းမှာပင် တရုတ်နိုင်ငံသားများအား ကချင်ပြည် နယ်နှင့် ပတ်သက်သည့် ဒုက္ခသည်များကို ၄င်းတို့၏အိမ်တွင် ဧည့်သည်အဖြစ် နေထိုင်ခွင့်ပြုခြင်းကိုလည်း တရုတ် အာဏာပိုင်များက ပိတ်ပင်ခဲ့သည်။

**Displaced Villages in Kachin state and Northern Shan state**




# အဘယ့်ကြောင့် ပဋိပက္ခနှင့်နေရာရွှေ့ပြောင်းမှုများသည် လူကုန်ကူးမှုအား ပိုမိုအားဖြစ်စေသနည်း

**မကြာသေးမီက ကျေးရွာသူ၊ ရွာသားများ ပြောင်းရွှေ့ခံခဲ့ရသော နေရာဒေသများသည်** လွန်ခဲ့သော ၁၀ ခန့်ကာလအ တွင်း လူကုန်ကူးမှုနှုန်း မြင့်မားသော နေရာများအဖြစ် KWAT မှ မှတ်တမ်းတင်ပြုစုခဲ့သော နေရာများဖြစ်သည်။ (မြေပုံ များ၌ကြည့်ပါ) လူကုန်ကူးခံရသည့် အမျိုးသမီးများ၏ ကျေးရွာများသည်လည်း ထိုအမျိုးသမီးများနည်းတူ ယခုအခါ တရုတ်နယ်စပ်သို့ ပြောင်းရွှေ့ခံခဲ့ရသည်။ အမျိုးသမီးများသည် နိုင်ငံတံခါးပြင်ပသို့ နည်းအမျိုးမျိုးဖြင့် ရောက်ရှိခဲ့ကြ သည်။ ၎င်းတို့ရင်ဆိုင်နေရသည့် ကြောက်မက်ဖွယ်ရာ ဘဝအခြေအနေနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ ထိုအကြပ်အ တည်းများကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိခဲ့ခြင်းသည် နယ်စပ်ဖြတ်ကျော်၍ လူကုန်ကူးမှု အဖြစ်များသော နေရာများသို့ ရောက်ရှိရန် အမျိုးသမီးများအား တွန်းအားပေးနေသည်။ ထိုဒေသများတွင် လူကုန်ကူးသည့်ကွန်ယက်များ များစွာရှိပြီး အမျိုးသမီးများ၏ တရားဝင်လက်မှတ်မရှိခြင်းနှင့် ဘဝရှင်သန်ရေးအတွက် ခက်ခဲနေခြင်းကို အခွင့်ကောင်းယူ၍ လူကုန် ကူးရန် အဆင်သင့်ရှိနေကြသည်။




Map from KWAT report *Driven Away* (2005)

# Kachin IDP camps and current legal border crossings on the Burma-China border



## *တရုတ်နိုင်ငံနှင့် ထိစပ်မှုရှိခြင်း*

ကချင်ထိန်းချုပ်သည့်နယ်မြေအတွင်းရှိ အိုးအိမ်မဲ့ ဒုက္ခသည် အများစုသည် တရုတ်နယ်စပ်တဖက် ကမ်းရှိ ဒုက္ခသည်စခန်း များတွင် ခိုလှုံနေကြသည်။ ၎င်းတို့မူရင်းနေထိုင်ရာကျေးရွာမ ဟူးမှ နယ်စပ်သို့ကားဖြင့်လာလျှင် တစ်ရက် (သို့) တစ်ရက်ထက် ကျော်၍ သွားရသော်လည်း ယခု ဒုက္ခသည်စခန်း မှ လမ်း ခဏလျှောက်ရုံဖြင့်ပင် တရုတ်နိုင်ငံတွင်း သို့ သွားနိုင်သည်။ တရုတ်နိုင်ငံသို့ ဖြတ်ကျော် သွားလာခြင်းသည် အလွန်ပင် လွယ်ကူလှသည်။



***A stone's throw away:*** *ဒုက္ခသည်စခန်းမှ တရုတ်ပြည်သို့ ဖြတ်ကျော်သည့် ခိုးကူးလမ်း*

ထို့ကြောင့် ဒုက္ခသည်များသည် အလုပ်ရှာရန်အ တွက် တရုတ်နိုင်ငံတွင်းသို့ အလွယ်တကူ နယ် စပ်ဖြတ်ကျော်သွားရောက်ကြသည်မဟုတ်ပဲ ပုံမှန်ခဏတာ အလည်အပတ်အတွက်လည်း လွယ်ကူစွာ ဖြတ်သန်း သွားလာနိုင်ကြသည်။

တရုတ်နိုင်ငံတွင်း ၆ ရက်တာပျောက်ဆုံးခဲ့သော အသက် ၁၁ အရွယ် သမီး၏ မိခင်ဖြစ်သူမှ ၎င်း၏ နောက်ထပ် သမီးအကြီး တစ်ယောက် တရုတ်နယ်စပ်ဘက်သို့ သွားလာနေမှုအပေါ် တား၍မရသည့်အကြောင်း ညည်းတွားခဲ့သည်။

> *"ဖွန်လမှာ တိုက်ပွဲတွေဖြစ်တော့ ကျမကလေးတွေနဲ့ ကျမ ဒီကို ပြေးလာကြတယ်။ ကျမတို့ ဒုက္ခသည်စခန်းမှာ နေ တယ်။ ကျမသမီးတယောက်က ကျမပြောစကား နားမထောင်ဘူး။ သူက သူကြိုက်တဲ့နေရာမှာပဲ နေချင်တယ်။ ခု သူက ကျမတို့နဲ့အတူ စခန်းထဲမှာ အတူတူမနေဘူး။ တရုတ်ဘက်အခြမ်းက သူ့သူငယ်ချင်း တွေနဲ့ သွားနေနေတယ်"*

အခြားဒုက္ခသည်အမျိုးသမီးငယ်တဦးသည် ၎င်းနှင့် ခင်မင်ရင်းနှီးသူ အမျိုးသားတဦးမှ နယ်စပ်ဘက်ကို ပစ္စည်းပိုင်း ကူသယ်ရန် အကူအညီတောင်းခဲ့ရာ ထိုနယ်စပ်မှတဆင့် တရုတ်ပြည် အတွင်းဘက်ကျရာနေရာသို့ လိမ်လည်ခေါ် ဆောင်ခံခဲ့ရသည်။ ထိုနေရာတွင် ခေါ်ဆောင်သူအမျိုးသားနှင့် ၎င်း၏သူငယ်ချင်းဖြစ်သူများ၏ အတင်းအဓမ္မပြုကျင့် ခြင်းကို ခံခဲ့ရသည်။

> *"ကျမအမေက ကျမတို့ရွာမှာ ပစ္စည်းတွေပြန်ယူဖို့ သွားတဲ့အချိန်မှာ အဲဒီသူက ကျမကို အကူအညီလာတောင်း တယ်။ သူ့ပစ္စည်းတွေကို တရုတ်ဘက်ခြမ်းကို ကူသယ်ပေးဖို့ဆိုပြီး။ အဲဒါနဲ့ ကျမ သူ့နောက်လိုက်လာခဲ့တယ်။ သူဘယ်ခေါ်သွားမယ်ဆိုတာလည်း ကျမ မသိဘူး။ နယ်စပ်ကိုရောက်တော့ သူစောင့်နေတဲ့ ပိုက်ဆံတချို့မရောက် လာသေးဘူးတဲ့။ အဲဒါကြောင့် ယင်ကျန်းမှာရှိတဲ့ သူ့အခန်းကို သွားရမယ်ဆိုပြီး ပြောတယ်။."*

## *တရားဝင်အထောက်အထားမရှိခြင်း*

မြန်မာနိုင်ငံသားများအနေဖြင့် တရုတ်နိုင်ငံတွင်းသို့ တရားဝင် ခရီး သွားလာရန် ပထမဦးစွာ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေးရုံးမှ တရားဝင်ထုတ်ပေးသည့် နယ်စပ်ဖြတ်ကျော်ခွင့်ရှိရမည်ဖြစ်သည်။ နယ်စပ်ဖြတ်ကျော်ခွင့်ရှိသည့် အထောက်အထား နှစ်မျိုးရှိသည်။ ပထမတစ်မျိုးမှာတရုတ်နိုင်ငံ တွင်းတပတ်ကြာခရီးသွားလာခွင့်ရှိသည့်အစိမ်းရောင်စာအုပ်ဖြစ်ပြီးဒုတိယ တစ်မျိုးမှာ တနစ်သက် တမ်းရှိပြီး တရုတ်နိုင်ငံတွင်း နေထိုခွင့်လျှောက်ထားနိုင်သည့် အနီရောင်စာအုပ်ဖြစ်သည်။ တရုတ်နိုင်ငံတွင်း ကြာကြာနေခွင့်ရှိ သည့် အနီရောင်နယ်စပ်ဖြတ်ကျော်ခွင့်စာအုပ်ရရှိရန် ကန့်သတ်မှု များစွာရှိသော်လည်း အထောက်အထားနှစ်မျိုးစလုံးသည် ကချင် ပြည်နယ်မှ ရွှေ့ပြောင်းအလုပ်သမား များအတွက် ဥပဒေအရ တစုံတရာ ကာကွယ်မှုပေးနိုင်သည်။




***ဖြတ်ကျော်ရန်ခက်ခဲခြင်း:*** *ဒုက္ခသည်များအတွက် တရားဝင် နယ်စပ်ဖြတ်ကျော်ခွင့်လက်မှတ် ကိုင် ဆောင်နိုင်ရေးမှာ ဖြစ်နိုင်ချေမရှိသလောက် ပင်ဖြစ်သည်။*

မည်သို့ပင်ဖြစ်စေကာမူ စစ်ပွဲ ပဋိပက္ခစတင်ဖြစ်ပွားသည့်အချိန်မှစ၍ လိုင်ဇာအနီးရှိ လဂျာယန်ဒေသအပါအဝင် စစ်ပြေးဒုက္ခသည်အမြောက်အမြားရှိသော နေရာများရှိ နယ်စပ်လူဝင်မှုကြီးကြပ်ရေးရုံးများကို ယခုချိန်ထိ တရားဝင် ပိတ်ထား ဆဲဖြစ်သည်။ နယ်စပ်ဖြတ်ကျော်ခွင့်စာအုပ်လုပ်ချင်သော သူများအနေဖြင့် ကန်ပိုက်တီ၊ လွယ်ဂျယ် (သို့) မူဆယ်ထိ သွား ရမည်ဖြစ်သည်။ ထိုသို့သွားရန်အတွက်လည်း လမ်းခရီးများ ပိတ်ထားခြင်း၊ စစ်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းတို့ ကြောင့် လူအတော်များများမှာ နယ်စပ်ဖြတ်ကျော်ခွင့်စာအုပ်သွားလုပ်ရန်အတွက် ခရီးသွားရန် ဖြစ်နိုင်ချေမရှိပေ။

ထို့ပြင် နယ်စပ်ဖြတ်ကျော်ခွင့် လျှောက်ထားသူတိုင်းတွင် မြန်မာနိုင်ငံသားမှတ်ပုံတင်ကဒ် ရှိရမည်ဖြစ်သည်။ သို့သော် မှတ်ပုံတင်လုပ်ရသည့် လုပ်ငန်းအဆင့်ဆင့်မှာ ခက်ခဲရှုပ်ထွေးခြင်းနှင့် ဈေးကြီးခြင်းတို့ကြောင့် ကချင်ပြည်နယ်ရှိ ကျေးလက်ဒေသများတွင်နေထိုင်သူများအတွက် နိုင်ငံသားမှတ်ပုံတင်ကဒ်ရရှိရေးမှာ ယခုထိတိုင် မဖြေရှင်းနိုင်သေး သည့် ပြဿနာတရပ်ဖြစ်သည်။ ၂၀၁၀ ရွေးကောက်ပွဲ အစောပိုင်းကာလတွင် မြန်မာအာဏာပိုင်များသည် ကချင်ထိန်း ချုပ်ရာဒေသများမှ ပြည်သူများ တရားဝင်မဲပေးနိုင်ရေးအတွက် ၎င်းတို့အား ယာယီမှတ်ပုံတင်ကဒ်များထုတ်ပေးရေးကို KIO နှင့် ဆွေးနွေးစီစဉ်ခဲ့ကြသည်။ သို့သော် လုပ်ဆောင်မှုအဆင့်ဆင့်မှာ ပြည့်စုံမှု မရှိခဲ့ပေ။ ၂၀၁၁ ခုနှစ် စစ်ပွဲပဋိပက္ခ ပြန်လည်စတင်ချိန်တွင် ယာယီမှတ်ပုံတင်အတွက် ပူးပေါင်းလုပ်ဆောင်မှု ရပ်ဆိုင်းခဲ့သည်။ ယခုဆိုလျှင် ကချင်ထိန်း ချုပ်ရာနယ်မြေများမှာ မြန်မာမှတ်ပုံတင်ကဒ် တခါမျှမရှိဖူးသော (သို့) စစ်ပြေးသည့်အချိန်အတွင်း မှတ်ပုံတင်ပျောက် ဆုံးခဲ့သော စစ်ပြေးဒုက္ခသည်များအတွက် မှတ်ပုံတင်ရှိခြင်း၊ မရှိခြင်းမှာ မထူးခြားတော့ပေ။

ဥပမာအားဖြင့် ပါကတောင်ရှိ စစ်ပြေးဒုက္ခသည်ပေါင်း ၂၆၉၉ ဦးတွင် ၈၀၀ ဦးသာ မှတ်ပုံတင်ရှိကြသည်။ KWAT ၏ ခန့်မှန်းချက်အရ စစ်ပြေးဒုက္ခသည်ပေါင်း ၇ သောင်းကျော်ထဲတွင် ၃၀ ရာခိုင်နှုန်းမျှသာ နိုင်ငံသားမှတ်ပုံတင်ရှိသူများ ဖြစ်ကြသည်။ အကြောင်းအရင်းမှာ အချို့စစ်ပြေးဒုက္ခသည်များသည် တကြိမ်တခါမျှ မှတ်ပုံတင်မလုပ်ဖူးကြသကဲ့သို့ အချို့မှာလည်း စစ်ပွဲပဋိပက္ခကြောင့် သက်တမ်းပြန်တိုးရန် အခက်အခဲရှိသောကြောင့်ဖြစ်ပြီး အကယ်၍ သက်တမ်းကုန် ဆုံးပြီးသား မှတ်ပုံတင်ကို အသုံးပြုခဲ့မည်ဆိုလျှင်လည်း ဒဏ်ငွေရိုက်ခံရမည်စိုးရိမ်သောကြောင့် ဖြစ်သည်။

ဒုက္ခသည်အများစုအတွက် တရုတ်နိုင်ငံတွင် တရားဝင်အလုပ်အကိုင်ရှာဖွေရန်အတွက် နယ်စပ်ဖြတ်ကျော်ခွင့် မရှိခြင်း သည် လူကုန်ကူးမှုဖြစ်စေသည့် အဓိက အကြောင်းအရာတခုဖြစ်သည်။

## *ငွေကြေးလိုအပ်ခြင်း/ အထောက်အပံ့မရှိသလောက်နည်းပါးခြင်း*

အိုးအိမ်မဲ့ဒုက္ခသည်များသည် ၎င်းတို့၏ အိုးအိမ်များ၊ အသက် မွေးဝမ်းကျောင်းအလုပ်များကို ဆုံးရှုံးခဲ့ရပြီး ယခုအခါ ပုံမှန်မရှိ သည့် နိုင်ငံတကာကူညီထောက်ပံ့မှုဖြင့် ဒုက္ခသည်စခန်းများ တွင် လူဦးရေကြပ်ကြပ်တည်းတည်းဖြင့် နေထိုင်ကြရသည်။ ကချင်ဘက်ခြမ်း နယ်စပ်ဒေသတွင် ထွန်ယက်စိုက်ပျိုးနိုင် သော မြေယာအနည်းကျဉ်း (သို့) လုံး၀ မရှိသောကြောင့် ၎င်းတို့နှင့် ၎င်းတို့မိသားစုဝမ်းရေးအတွက် ပိုက်ဆံရှာနိုင်သည့် တခုတည်း သော နည်းလမ်းမှာ တရုတ်နိုင်ငံဘက်ခြမ်းသို့ သွားရောက်၍ အလုပ်အကိုင် ရှာဖွေခြင်းပင်ဖြစ်သည်။

ဤကဲ့သို့ ဒုက္ခသည်များ ရင်ဆိုင်နေကြရသည့် အခြေအနေ များကို အခွင့်ကောင်းယူ၍ ပွဲစားများသည် တရုတ်နိုင်ငံတွင်းရှိ အလုပ်အကိုင်အခွင့်အလမ်းများဖြင့် ဒုက္ခသည်များကို မြူဆွယ် ဖြားယောင်းပြီး ထိုမှတဆင့် အလုပ်သမားများ (သို့မဟုတ်) ဇနီးမယားအဖြစ် ရောင်းချအမြတ်ထုတ်နေကြသည်။ မူးယစ်ရမ်းကားသော တရုတ်အမျိုးသားတဦးထံသို့ ဇနီးမယားအဖြစ် ရောင်းချခံခဲ့ရသော အသက် ၅၄ နှစ်အရွယ် အမျိုးသမီးတဦးသည် ပထမတွင် တရုတ်နိုင်ငံတွင်းရှိ စိုက်ပျိုးရေးအလုပ်သမားအဖြစ် အလုပ်လုပ်ရမည်ဟုဆိုကာ လိမ်လည်ဖြားယောင်းခံခဲ့ရသည်။

> *"စစ်ပွဲတွေဖြစ်တော့ ဒုက္ခသည်စခန်းကို ကျမတို့ ထွက်ပြေးလာခဲ့တယ်။ တရုတ်အမျိုးသားနဲ့ ယူထားတဲ့ ဆွေမျိုး တယောက်က တစ်ရက် ယွမ် ၅၀ နဲ့ တရုတ်နိုင်ငံမှာရှိတဲ့ သူ့ရဲ့ စိုက်ခင်းမှာ ပြောင်းဖူးချိုးအလုပ်ပေးမယ်ဆိုပြီး ကျမ တို့ကိုခေါ်တယ်"*

တရုတ်နိုင်ငံအတွင်း အလုပ်အကိုင်ရှိပြီးသား ရွှေ့ပြောင်းခံရသည့် အမျိုးသမီးများ (သို့) အမျိုးသမီးငယ်များကိုလည်း ပွဲစားများက ချဉ်းကပ်၍ လက်ရှိအလုပ်ထက် ပိုကောင်းသည့် အလုပ်အကိုင်များပေးမည် (သို့) တရုတ်အမျိုးသားများ နှင့်လက်ထပ်ရန် လိမ်လည်သွေးဆောင်ကြသည်။

*"ကျမရဲ့ (အသက် ၁၅ နှစ်အရွယ်) သမီး ရောင်းစားခံရချိန်တုန်းက ကျမတို့က ဒီလိုင်ဇာနားက ဒုက္ခသည်စခန်းမှာ နေတယ်။ ကျမသမီးက ဒုက္ခသည်စခန်းက ကျောင်းမှာ ကျောင်းတက်နေတာ။ ဒါပေမဲ့ တရုတ်ဘက်ခြမ်းမှာ ကော်ဖီစူးဖို့ဆိုပြီး ကျောင်း ၃ ရက်ခွင့်ယူလိုက်တယ်။ အဲဒီမှာ ကျမသမီးက တရုတ်ပြည်မှာနေတဲ့ ကချင်အမျိုးသမီး မ.... နဲ့ တွေ့တာ။ အဲဒီအမျိုးသမီးက တရုတ်အမျိုးသားက ကျမသမီးကို ကြိုက်တယ်၊ လက်ထပ်ချင်နေတယ်ဆိုပြီး ကျမ သမီးကိုပြောတယ်"*

## မိသားစု တကွဲတပြားဖြစ်ခြင်း

ဒုက္ခသည်များသည် ၄င်းတို့အိမ်ယာမှ ထွက်ပြေးစွန့်ခွာလာပြီး သည့်နောက် အများစုမှာ ၄င်းတို့၏ မိသားစုဝင်များနှင့် ကွဲကွာနေရ မည့် အခြေအနေနှင့်ရင်ဆိုင်ကြရသည်။ အခြေအနေအရ မိသားစုဝင် တချို့မှာ ဒုက္ခသည်စခန်းများအတွင်း နေထိုင်ရသကဲ့သို့ အချို့မှာ အခြားဆွေမျိုးသားချင်းနှင့်အတူ နေထိုင်ကြရပြီး အချို့မှာလည်း အလုပ်အကိုင်ရှာဖွေရန် အတွက် အခြားနေရာဒေသများသို့ သွားရောက်ကြရသည်။ ဒုက္ခသည်စခန်းမှ မိဘအချို့သည် ၄င်းတို့အိမ်တွင် ကျန်ခဲ့သော ပစ္စည်းများ သွားရောက်ယူရန်အတွက် ၄င်းတို့၏သားသမီးများကို စခန်းအတွင်း ခဏတာ ချန်ထားကြရ သည်။ ဤအခြေအနေအောက်တွင် အိမ်တွင်ကျန်ရစ်ခဲ့သည် ကလေးများအား တရုတ်နိုင်ငံသို့ သွားရောက်ရန် ပွဲစား များမှ ဖြားယောင်းသွေးဆောင်ရန် အခွင့်သာစေသည်။



**The way across:** *A wooden bridge links a camp to China*

ဒုက္ခသည်အမျိုးသမီးတဦး၏ သမီးဖြစ်သူ အသက် ၁၇ အရွယ် မိန်းကလေးငယ်သည် သူမမိခင် ရွာသို့ပြန်သွားချိန်တွင် တရုတ်နိုင်ငံသို့သွားရန် ဦးလေးတော်စပ်သူတဦး၏ ဖြားယောင်းခြင်းခံခဲ့ရသည်။ ထို့နောက် တရုတ်အမျိုးသားတဦးထံ ဇနီးမယားအဖြစ် ရောင်းစားခံခဲ့ရသည်။ ထိုအဖြစ်အပျက်အား သူမမိခင်ဖြစ်သူမှ ယခုလို ပြောပြခဲ့သည်။

*"ဒုက္ခသည်စခန်းမှာ တစ်လလောက်နေပြီးတော့ ကျမတို့အိမ်မှာရှိတဲ့ ပစ္စည်းတချို့ ပြန်ယူဖို့ဆိုပြီး ရွာကို ကျမ ခဏပြန်ခဲ့တယ်။ ကျမမရှိတဲ့အချိန်မှာ တရုတ်နိုင်ငံ ယင်ကျန်း မှာနေတဲ့ ကျမရဲ့ မက်နဲ့ သူ့မိန်းမက ကျမသမီးကို စခန်းထဲကနေ တရုတ်ပြည်ဘက်ကို လိမ်ခေါ်သွားတယ်။ ကျမသမီးက မသွားဘူးဆိုပြီး ငြင်းတယ်တဲ့။ ဒါပေမဲ့ သူတို့က အတင်းခေါ်သွားတာ။ ကျမ ဒုက္ခသည်စခန်းကို ပြန်ရောက်တော့ ကျမသူငယ်ချင်းတွေကပြောတယ်.. ကျမသမီးက သူ့ဦးလေးကို ကြောက်လို့ လိုက်သွားရတယ်တဲ့"*

နောက်ဖြစ်ရပ်တခုတွင်လည်း အသက် ၁၈ နှစ်အရွယ် အမျိုးသမီးငယ်တဦးမှာ သူမမိဘများ အပြင်ထွက်အလုပ်လုပ် နေချိန်တွင် အမျိုးသားနှစ်ယောက်၏ ခေါ်ဆောင်ခြင်းခံခဲ့ရပြီး ယင်ကျန်း ရှိ တရုတ်မိသားစုတစုထံသို့ ရောင်းစားခံခဲ့ ရသည်။

*"မ (...... ) ရဲ့ မိဘတွေက သူတို့သမီးကို ဘယ်သူတွေ ခေါ်သွားလဲဆိုတာ မသိဘူး။ နောက် ၄ ရက်လောက်ကြာမှ (..... ) က အဲဒီကောင်မလေးရဲ့ မိဘတွေဆီ ဖုန်းဆက်လာတယ်။ သူတို့သမီးက ကို (.... ) ရဲ့ တဝမ်းကွဲအိမ်မှာရှိနေ တယ်၊ ကို (.... ) ရဲ့ မုဒိမ်းကျင့်တာ ခံရတဲ့အကြောင်း ပြောပြတယ်။ အခု မ (.... ) က ယူနန်ခရိုင်မှာရှိနေတယ်။ မုဒိမ်းကျင့်ခဲ့တဲ့ ကို (.... ) က သူ့ကို ယွမ် ၃၆,၀၀၀ နဲ့ တရုတ်မိသားစုတစုကို ရောင်းစားလိုက်တာ"*

စစ်ပွဲပဋိပက္ခဖြစ်ပွားမှုကြောင့်လည်း KIA စစ်သားများသည် ၄င်းတို့၏ မိသားစုနှင့်ခွဲခွာ၍ မိသားစုနှင့်ဝေးရာ တိုက်ပွဲ နေရာ၌ နေကြရသည်။ ရှေ့တန်းမှ ပြန်လာသော KIA စစ်သားတစ်ယောက်သည် သူ၏ ဇနီးသည်မှ ၄ နှစ်အရွယ် သား ဖြစ်သူနှင့် ၁၆ နှစ်အရွယ် ညီမဖြစ်သူအား တရုတ်နိုင်ငံသို့ ရောင်းစားရန် သွေးထိုးမှိုင်းတိုက်ခံခဲ့ရသည်။

*"စစ်ပွဲစဖြစ်ပြီး ၂၀၁၁ ခုနှစ် ဇွန်လမှာ ကျနော့်သားနဲ့ ကျနော့်ညီမအငယ်ဆုံးက တရုတ်နိုင်ငံကို အရောင်းစားခံ လိုက်ရတယ်။ ခုချိန်ထိ သူတို့ဘယ်မှာရှိလဲဆိုတာ ကျနော်သိဘူး။ မိန်းမကတော့ တရုတ်ပြည် ယင်ကျန်း မှာ တရုတ်အမျိုးသားတယောက်နဲ့*

*ပေါင်းသင်းနေတယ်။ ကျနော် ရှေ့တန်းက ပြန်လာမှ ဒီအခြေအနေတွေကုန်လုံးကို စသိရတာ။ ကျနော့်မိန်းမကိုယ်တိုင် ကျနော့်သားနဲ့ညီမအငယ်ဆုံးကိုရောင်းစားခဲ့တာသိလိုက်ရတော့ကျနော်ဘယ်လိုခံစားရလဲဆိုတာပြောပြလို့တောင်မတတ်ဘူး"*

## ပညာရေးအခွင့်အလမ်းဆုံးရှုံးခြင်း



*photo KANIR*

**Close quarters:** *IDP children gather for their studies*

အိုးအိမ်မဲ့ဒုက္ခသည်များ၏ ခန့်မှန်းခြေ ၄၅ ရာခိုင်နှုန်းမှာ အသက် ၁၆ နှစ်အရွယ်နှင့် ၁၆ နှစ်အောက် ကလေးများဖြစ်ကြပြီး ၄င်းတို့ နေထိုင်ရာ ကျေးရွာရှိ ကျောင်းများမှ စွန့်ခွာခဲ့ရသည်။ ကြီးမားသည့် ဒုက္ခသည်စခန်းအများစုတွင် ကချင်အာဏာပိုင်များမှ ကလေးများ အတွက် ကျောင်းဆောင်အသစ်များ ဆောက်လုပ်ပေးသော်လည်း ဆရာ၊ ဆရာမများနှင့် ကျောင်းသုံးပစ္စည်းများ မလုံလောက်ခြင်းမ ရှိသည့်အပြင် စာသင်ခန်းများမှာလည်း လုံလောက်သည့် အကျယ် အဝန်းမရှိပေ။

၎င်းအခြေအနေသည် ကလေးငယ်များ စာသင်ကြားလေ့လာ ချင်စိတ်ကို နည်းပါးစေသည်။ တရုတ်နိုင်ငံဘက်ခြမ်းတွင် ပျောက်ဆုံး နေသော အသက် ၁၁ နှစ်အရွယ် သမီးငယ်၏ မိခင်၏ ပြောပြချက်အရ-

*"သူက (အစ်မဖြစ်သူ) ဟိုဘက်မှာ (တရုတ်ပြည်ဘက်ခြမ်း) စာသင်နေတဲ့ သူ့ညီမ (..... ) ဆီသွားပြီး သူ့ညီမကို သွားခေါ်တယ်။ ကျမထင်တာကတော့ သမီးငယ် (..... ) က ဒီဒုက္ခသည်စခန်းမှာ ကျောင်းနေရတာ မပျော်ဘူး။ ဘာလို့လဲဆိုတော့ ဒီကကျောင်းမှာက လူတွေကြပ်သိပ်နေတယ်တော့ သူစာဖတ်လို့ မရဘူး။"*

ဒုက္ခသည်စခန်းတွင်းရှိ စာသင်ကျောင်းများမှာ တခန်းတည်းတွင် အသက်အရွယ်မျိုးစုံသော ကျောင်းသားကျောင်းသူ များ အတူတကွ စာသင်ကြားလေ့လာကြရသောကြောင့် အထူးသဖြင့် အသက်ကြီးသော ကျောင်းသူ၊ ကျောင်းသား များအတွက် အခက်အခဲဖြစ်စေသည်။

*"... ရဲ့အမေက သူ့ကို ဒုက္ခသည်စခန်းက ကချင်စာပေသင်တန်းကို တက်ခိုင်းတယ်။ သင်တန်းမှာ (..... ) က အတန်းမတက်ချင်ဘူး။ ဘာလို့လဲဆိုတော့ အတန်းထဲမှာ အကုန်လုံးက သူ့ထက်ငယ်တဲ့သူချည်းပဲဆိုလေ။ သူက သူ့မိဘတွေကို ဟော်တယ်မှာပဲ အလုပ်ပြန်လုပ်တော့မယ်ဆိုပြီး ပြောတယ်။"*

## ရွှေ့ပြောင်းသူများ နေရပ်ပြန်ရန် ခက်ခဲခြင်း

လက်ရှိကချင်ပြည်နယ် ဒေသအတော်များများတွင် ဖြစ်ပွားနေသော စစ်ပွဲပဋိပက္ခသည် တရုတ်နိုင်ငံတွင်း သွား ရောက်အလုပ်လုပ်ကိုင်ကြသော ရွှေ့ပြောင်းအလုပ်သမားများ နေရပ်ပြန်နိုင်ရေးအတွင် အဟန့်အတားဖြစ်စေသည်။ နယ်စပ်ဒေသရှိ ဒုက္ခသည်စခန်းများ (သို့) မရင်းနီးသည့် အရပ်ဒေသများတွင် မဖြစ်မနေ နေနေရခြင်းကြောင့် အလုပ်အကိုင်နှင့် နေထိုင်ရေးအတွက် အခြားလူစိမ်းများအပေါ် မှီခိုနေကြရသည်။ ၎င်းအခြေအနေသည် လူကုန်ကူးမှု ဖြစ်ပွားရန် အားဖြည့်ဖန်တီးပေးသည်။

တရုတ်နိုင်ငံသို့ ရောင်းစားခံခဲ့ရသော အသက် ၁၈ နှစ်အရွယ် အမျိုးသမီးငယ်၏ မိခင်ဖြစ်သူမှ သူမ၏ သမီး အိမ်ပြန်ရန် အခက်အခဲကြုံခဲ့ရမှုကြောင့် တဘက်နယ်စပ်သို့ လိမ်လည်ရောင်းစားခံခဲ့ရပုံကို ရင်ဖွင့်ခဲ့သည်။

*"[စစ်မဖြစ်ခင်တုန်းက] (.... ) က တရုတ်အမျိုးသမီးအိမ်မှာ အိမ်ဖော်အလုပ်လုပ်ခဲ့တယ်။ စစ်ပွဲတွေစဖြစ် တော့ ကျမသမီး (..... ) က အိမ်ပြန်လို့မရတော့ လာယင်မှာ နေခဲ့တယ်။ တရုတ်အမျိုးသမီးက တရုတ်နိုင်ငံ ကိုအလည်လာဖို့ သူ့ကို ခေါ်တယ်။ အဲဒီကစပြီး (............) ကို ၂ ပတ်လောက် ဘယ်သူမှ အဆက်အသွယ် လုပ်လို့မရတော့ဘူး။ ၂ ပတ်ကြာတော့ ကျမသမီးက ဆက်သွယ်လာတယ်။ တရုတ်အမျိုးသမီးရဲ့ ညီမက သူ့ကို တရုတ်ပြည်မှာ ရောင်းစားခဲ့တဲ့အကြောင်း ပြောပြတယ်"*

# လူကုန်ကူးမှုပြဿနာအား ကိုင်တွယ်ဖြေရှင်းခြင်း

## *ဒေသတွင်း အကူအညီပေးမှု ယန္တရားများ*

KWAT သည် ကချင်အမျိုးသမီးအစည်းအရုံး (KWA) နှင့် ပဋိပက္ခဖြစ်ပွားသည့်အချိန်ကတည်းက ဖွဲ့စည်းခဲ့သော စစ်ပြေးဒုက္ခသည်ကူညီစောင့်ရှောက် ရေးကော်မတီ (IRRC) စသည့် အဖွဲ့အစည်းများအပါအဝင် လူထုအ ခြေပြုအဖွဲ့အစည်းကွန်ယက်များ၊ ဒေသခံကချင်အာဏာပိုင်များနှင့်အတူ လူကုန်ကူးမှုပြဿနာကိစ္စရပ်များကို ကိုင် တွယ်ဖြေရှင်းလျှက်ရှိသည်။ ဤအဖွဲ့အစည်းများသည် လူကုန်ကူးမှုပြဿနာ၏ ခက်ခဲရှုပ်ထွေးမှုအတိုင်းအတာနှင့် ရင်းနှီး ကျွမ်းကျင်ပြီး လူကုန်ကူးမှုတွင် တိုက်ရိုက်ပါဝင်ပတ်သက်သူများကိုလည်း ဖော်ထုတ်နိုင်သည်။ ဒေသခံများ ဖြစ်ကြသည့်အပြင် ဒေသတွင်းကူညီဆောင်ရွက်သူများ ဖြစ်ကြသောကြောင့် ပတ်ဝန်းကျင်လူမှုအသိုင်းအဝိုင်း၏ ယုံကြည်မှုရယူရန်အတွက် များစွာအထောက်အကူဖြစ်စေပြီး သင့်လျော်သော တုံ့ပြန်ဖြေရှင်းမှုများကို လုပ်ဆောင်ရာ တွင်လည်း လွယ်ကူချောမွေ့စေသည်။

လူကုန်ကူးမှုပြဿနာများ ရင်ဆိုင်နေကြသော ဒေသခံပြည်သူများသည် ဒေသတွင်းအခြေစိုက် အဖွဲ့အစည်းများထံမှ အကူအညီများ စဉ်ဆက်မပြတ် တောင်းခံမှုများပြုလုပ်ကြသည်။ အများအားဖြင့် လူကုန်ကူးခံရသူများသည် တရုတ်နိုင် ငံမှ မြန်မာနိုင်ငံတွင်းရှိ ၎င်းတို့၏ မိသားစု (သို့) သူငယ်ချင်းများကို ဖုန်းဆက်အကူအညီတောင်းရာမှတဆင့် ဒေသခံ အဖွဲ့အစည်းထံသို့ တိုင်ကြားမှု ပြုလုပ်ကြသည်။

> *"ကျမဖုန်းဆက်ဖို့ ကြိုးစားတဲ့အချိန်မှာ [လူကုန်ကူးသူ] ကျမဆီကဖုန်းကို လုယူပြီး ကျမကို ဖုန်း မပေးပြော ဘူး။ အဲဒါနဲ့ ကျမလည်း အိမ်သာသွားချင်ယောင်ဆောင်ပြီး လိုင်ဇာက ကျမရွာက သူငယ်ချင်းတယောက်ဆီ ကို ဖုန်းဆက်အကူအညီတောင်းလိုက်တယ်။ ကျမအခက်အခဲတွေ့နေတဲ့အကြောင်း ကျမသူငယ်ချင်း ယောကျ်ားလေးကို ပြောတော့ သူက KWA ရုံးကိုသွားပြီး သွားတိုင်တယ်"*

တိုင်ကြားမှုများ ရှိလာသည့်အခါ ဒေသခံအဖွဲ့အစည်းများသည် အကူညီလိုအပ်သောသူများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ကွင်းဆက်မိစေရန်အတွက် အချင်းချင်း ပူးပေါင်းဆောင်ရွက်ကြသည်။

> *"မ (...... ) သူငယ်ချင်းတယောက်က KIO စစ်သားတယောက်ကို ဖုန်းဆက်ပြီး တရုတ်အမျိုးသားတစ် ယောက်က မ (...) ကို ခေါ်သွားပြီး လက်ထပ်ဖို့စီစဉ်နေတဲ့အကြောင်း သတင်းပေးတယ်။ KIO စစ်သားက KWA ကိုလာပြီး သူကြားတဲ့သတင်းကို လာပြောပြတယ်"*

ဒေသတွင်းအဖွဲ့အစည်းများသည် လူကုန်ကူးသူများနှင့် ၎င်းတို့၏ လမ်းကြောင်းများကို သိရှိနားလည်ပြီး ပျောက်ဆုံး နေသော သူများကို ရှာဖွေရေးနှင့် သတင်းအစအနရယူရေးအတွက် ၎င်းတို့အား ချဉ်းကပ်စုံစမ်းလေ့ရှိသည်။ အကယ် ၍ လူကုန်ကူးသူများကို ဖမ်းဆီးရမိသည့်အခါ ဓလေ့ထုံးတမ်းဥပဒေအရ အပြစ်ပေးပြီး ယေဘုယျအားဖြင့် ဒဏ်ငွေ၊ ထောင်ဒဏ် (သို့မဟုတ်) နှစ်မျိုးစလုံးဖြင့် အပြစ်ပေးသည်။


> *"၁၀ ရက်နေ့ညမှာ ကို (... ) က မ (.... ) ကို ရုပ်ရှင်အတူကြည့်ဖို့ ခေါ်တယ်။ အဲဒီညကစပြီး မ (... ) က အိမ် ပြန်မရောက်လာတော့ဘူး။ ၄ ရက်မြောက်နေ့မှာ မ (... ) က သူ့အဖေကို ဖုန်းခေါ်ပြီး ကို (... ) က သူ့ကို ရောင်းစားခဲ့တဲ့အကြောင်း ပြောပြတယ်။ ကို (.... ) နဲ့ သူ့အဖေ ဦး (... ) က လူကုန်ကူးသူတွေအဖြစ် လူတွေ ကသိကြတယ်။ အဲဒီအမှုက စခန်းကော်မတီကို တိုင်ထားပြီးပြီ။ ကော်မတီက [လူကုန်ကူးတဲ့သူ ၂ ဦးလုံးကို] ဖုန်းကတဆင့် သတိပေးခဲ့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီကတည်းကနေ သူတို့တွေ မပြန်လာတော့ဘူး။ မ (..) ရဲ့အမေကလည်း သူ့သမီးရဲ့အမှုကို ကူညီပေးဖို့ KWA ကို အကူအညီတောင်းထားတယ်။"*

လူကုန်ကူးခံရသည်သူများအား နေရပ်ပြန်ပို့ပေးသည့်အခါ ဒေသခံအဖွဲ့အစည်းများသည် လူကုန်ကူးခံရသူများအ နေဖြင့် ၄င်းတို့၏ နေအိမ်သို့ တိုက်ရိုက်မပြန်သေးပဲ ၄င်းတို့အား လက်ခံကြိုဆိုနိုင်မည့် လုံခြုံသည့်အသိုင်းအဝိုင်းရှိရာသို့ ပြန်နိုင် ရန် ကူညီဆောင်ရွက်ပေးသည်။ ၄င်းတို့၏ နေအိမ်တွင်း အကြမ်းဖက်မှုများ (သို့) မူးယစ်ဆေးစွဲမှုကဲ့သို့သော ဆိုးဝါးသည့်ပြဿနာများကြောင့် အိမ်မှထွက်ခွာခဲ့သောသူများအဖို့ ဤသို့ လုံခြုံနွေးထွေးသည့် ပတ်ဝန်းကျင်အသိုင်း အဝိုင်းရှိရာသို့ ပြန်နိုင်ရေးမှာ အလွန်ပင်အရေးကြီးပါသည်။ လူကုန်ကူးခံရသော ကလေးများနှင့် အမျိုးသမီးများအား ခို လှုံစရာနေရာပေးခြင်း၊ ဆွေးနွေးနှစ်သိမ့်မှုပေးခြင်းနှင့် ၄င်းတို့ပြန်လာနိုင်ရေးအတွက် လိုအပ်သော ရုပ်ဝတ္ထုပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကိုလည်း ပြုလုပ်ပေးသည်။

KWA သည် အကြမ်းဖက်သည့် ယောကျ်ားဆီမှ ကလေးငယ်နှင့်အတူ ထွက်ပြေးလာပြီးနောက် လူကုန်ကူးခံရသော အသက် ၁၉ နှစ်အရွယ် အိုးအိမ်မဲ့ဒုက္ခသည် အမျိုးသမီးတဦးအား ကူညီထောက်ပံ့မှု ပြုလုပ်ခဲ့သည်။ လူကုန်ကူး သူသည် ဂျန်းဖုန်းတွင် အလုပ်ပေးမည်ဟု သူမအား ကတိပေးခဲ့သော်လည်း မန်ရှီအနီးတွင် သူမ၏ ကလေးအား တခြားသူများအား ပေးရန်နှင့် ဒုတိယအိမ်ထောင်ထပ်ပြုရန် ဖိအားပေးခဲ့သည်။ ကံကောင်းထောက်မစွာဖြင့် သူမ ပျောက်ဆုံးနေမှုအား KWA အဖွဲ့သို့ တိုင်ကြားထားပြီဖြစ်ပြီး KWA မှ လူကုန်ကူးသူအား ဖော်ထုတ်နိုင်ခဲ့သည်။ KWA ၏ အကူအညီဖြင့် သူမသည် ဒုက္ခသည်စခန်းရှိရာသို့ ပြန်လာနိုင်ခဲ့ပြီး KWA ၏ ရုံးတွင် ခိုလှုံခဲ့သည်။ သူမ၏ ခင်ပွန်းသည် မှာလည်း သူမအား အကြမ်းဖက်မှုကြောင့် အပြစ်ဒဏ်အဖြစ် ထိန်းသိမ်းရေးစင်တာသို့ ပို့ဆောင်ခံခဲ့ရသည်။

ဒေသခံအဖွဲ့အစည်းများသည် လူကုန်ကူးမှုကာကွယ်ရန်အတွက် လူမှုပတ်ဝန်းကျင်အတွင်း ပညာပေးလုပ်ငန်းများကို လည်း လုပ်ဆောင်လျှက်ရှိသည်။ KWAT အဖွဲ့သည် ကချင်ထိန်းချုပ်နယ်မြေနှင့် ဒုက္ခသည်စခန်းများတွင် အဓိကထား ၍ လူကုန်ကူးမှုပပျောက်ရေး သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို စဉ်ဆက်မပြတ်လုပ်ဆောင်ပေးလျှက်ရှိသည်။

## *အလုပ်မဖြစ်သော မြန်မာအစိုးရ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဝန်ဆောင်မှုများ*




မြန်မာအစိုးရသည် ၄င်းတို့၏ လူကုန်ကူးမှုပပျောက်ရေးလုပ် ဆောင်ချက်များနှင့် နယ်စပ်ဆက်သွယ်ရေးရုံးများ ဖွင့်လှစ်လုပ် ဆောင်မှုများအား ၄င်းတို့၏ လူကုန်ကူးမှု ဆန့်ကျင်ရေး နည်းဗျူ ဟာအစိတ်အပိုင်းအဖြစ် မီးမောင်းထိုးပြောဆိုခဲ့သည်။ ၄င်းတို့၏ လူကုန်ကူးမှုတိုက်ဖျက်ရေး အဓိကအစိတ်အပိုင်းအဖြစ် ကချင် ပြည်နယ်တွင်ရှိသော လူကုန်ကူးမှုပပျောက်ရေးဆိုင်ရာ အလုပ် အဖွဲ့ ၃ ဖွဲ့သာ ရှိသည်။ ထိုထဲမှ ၂ ဖွဲ့မှာ မြစ်ကြီးနား နှင့် ဗန်းမော်မြို့ တွင်ရှိပြီး ကျန်တဖွဲ့မှာ ကချင်ပြည်နယ်ရှိ တခုတည်းသော လူ ကုန်ကူးမှု ပပျောက်ရေးဆိုင်ရာ နယ်စပ်ဆက်သွယ်ရေးရုံးတည် ရှိရာ လွယ်ဂျယ် နယ်စပ်တွင် တည်ရှိသည်။ (မြေပုံအား ကြည့်ပါ)

မည်သို့ပင်ဆိုစေကာမူ KWAT မှတ်တမ်းတင်ပြုစုထားသော လူကုန်ကူးမှုဖြစ်ရပ်များတွင် လွယ်ဂျယ် ရှိ အစိုးရရုံးမှ အရာရှိ တဦးတယောက်မှ အကူအညီပေးဖူးသည့်အကြောင်း မည်သူမှ ဖော်ပြပြောဆိုခြင်းမရှိပေ။ လွယ်ဂျယ်ရှိ ဒေသခံ များအား KWAT မှ ဆက်သွယ်မေးမြန်းရာတွင် ၄င်းတို့ဒေသတွင် မည်သည့် လူကုန်ကူးမှုပပျောက်ရေးဆိုင်ရာ နယ်စပ် ဆက်သွယ်ရေးရုံးကိုမှ မကြားဖူးကြောင့် ပြန်လည်ဖြေကြားခဲ့ကြသည်။

လွယ်ဂျယ်ဒေသသည် မြန်မာစစ်တပ်ထိန်းချုပ်သည့် နေရာဖြစ်ပြီး ၂၀၁၁ ခုနှစ် နိုဝင်ဘာတွင် မြန်မာအစိုးရစစ်သားများမှ ဆိုးဝါးသော ပြစ်မှုများကို ကျူးလွန်ခဲ့သည့် နေရာတခုလည်း ဖြစ်သည်။ (အောက်ဖော်ပြပါ ဖြစ်ရပ်ဇာတ်လမ်းများကို ကြည့်ပါ)။ ဒေသခံ အမျိုးသမီးတစ်ယောက် မုဒိမ်းကျင့်ခံရမှုနှင့် ပျောက်ဆုံးနေမှုတွင် ထိုဒေသတွင်း တပ်စွဲထားသော စစ်ဗိုလ်များ ပါဝင်ပတ်သက်နေခြင်းသည် ဒေသခံများအတွက် လူကုန်ကူးမှုပြဿနာများ တိုင်ကြားရန် (သို့) အကူအ ညီတောင်းရန် အကြီးအကျယ် အဟန့်အတားဖြစ်စေသည်။

### ဖြစ်ရပ် : မြန်မာအစိုးရ၏ လူကုန်ကူးမှုပပျောက်ရေးဆိုင်ရာ နယ်စပ်ဆက်သွယ်ရေးရုံးရှိသော လွိုင်ကျန်ဒေသမှ ကချင်အမျိုးသမီးငယ်တဦး အဓမ္မပြန်ပြေးဆွဲခံရမှု

၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၈ ရက်နေ့တွင် အသက် ၂၈ အရွယ် ကလေးတယောက်မိခင် ဆွမ်လွတ်ရွှယ်ဂျာ ဆိုသူ ကချင်လယ်သူမတဦးသည် လွယ်ဂျယ်ဒေသ၊ မိုင်ဂျာယန် အနီးရှိ သူမ၏ မိသားစုပိုင်လယ်ထဲတွင် ပြောင်းဖူးခူးနေခဲ့ သည်။ ထိုအချိန်တွင် မြန်မာအစိုးရ စစ်သားများ ရုတ်တရက် ဝင်ရောက်လာပြီး သူမ၊ သူမခင်ပွန်းဖြစ်သူ မာရူဒေါင်လွမ်းနှင့် အသက် ၇၀ အရွယ် သူမယောက်ခထီးတို့အား ဖမ်းဆီးခဲ့ သည်။



ဆမ်လွတ်ရှိုင်းဂျာနှင့် သူမ၏အမျိုးသားအား ၄င်းတို့မင်္ဂလာဆောင်တွင် တွေ့ရစဉ်

ထို့နောက် သူမတို့ရိတ်သိမ်းထားသော ပြောင်းများ ကို ၄င်းတို့စခန်းရှိရာသို့ သယ်ဆောင်သွားရန် သေနတ်ထောက် အမိန့်ပေးခဲ့သည်။ လမ်းတွင် သူမခင်ပွန်းနှင့် ယောက်ခထီးတို့ ထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း ရွှယ်ဂျာ မှာ မြန်မာအစိုးရစစ်တပ် ခြေလျင်တပ် ၃၂၁၊ မူဘမ်ရှေ့တန်းကင်းစခန်းသို့ ဖမ်းဆီးခေါ် ဆောင်ခံခဲ့ရသည်။ ရက်အနည်း ငယ်ကြာသောအခါ မျက်မြင်သက်သေများက ရွှယ်ဂျာအား မြန်မာအစိုးရစစ်တပ်စခန်းတွင် တွေ့ခဲ့ကြောင်း၊ တခါတရံ သူမ၏ ကိုယ်ပိုင်အဝတ်အစားများဝတ်ထားသော်လည်း တခါတရံ စစ်ယူနီဖောင်းကို ဝတ်ထားကြောင်း မြင်ခဲ့သည်ဟု ဆိုကြသည်။ နောက်ပိုင်းတွင် ထိုစစ်တပ်စခန်းမှ ထွက်ပြေးလွတ်မြောက်လာသော ပေါ်တာများ၏ အဆိုအရ သူမသည် စစ်သားများ၏ အုပ်စုလိုက် မုဒိမ်းကျင့်မှုကို မကြာခဏ ခံရကြောင်း သိရှိခဲ့ရသည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၃၁ ရက်နေ့တွင် မြန်မာစစ်သား ၄ ဦးမှ သူမအား မြေအောက်ကတဲသို့ ဆွဲခေါ် သွားသည်ကို နောက်ဆုံးအနေဖြင့် တွေ့ခဲ့ ကြသည်။

သူမ၏ ယောက်ခထီးဖြစ်သူသည် သူမအား လွှတ်ပေးရေးအတွက် ခြေလျင်တပ်ရင်း ၃၂၁ စခန်းအရာရှိ၊ ကချင်ပြည် နယ်ဝန်ကြီးနှင့် ဗန်းမော်ခရိုင်အုပ်ချုပ်ရေးမှူးတို့ထံ အသနားခံစာ အကြိမ်ကြိမ် ပေးပို့ခဲ့သော်လည်း မည်သည့်အကြောင်း ပြန်ကြားမှုမှ မရရှိခဲ့ပေ။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ဇနီးသည်၏ တရားမျှတရေးအတွက် ခင်ပွန်းဖြစ်သူ ဒေါင်လွမ်း သည် နေပြည်တော်တရားရုံးတော်၌ ခြေလျင်တပ် ၃၂၁ အား တရားစွဲဆိုခဲ့သည်။ ကြားနာပွဲတွင် တရားလိုဘက်မှ ဒေါင်လွမ်းအပါအဝင် မျက်မြင်သက်သေများစွာ တရားရုံးထုတ်ခဲ့သော်လည်း ခြေလျင်တပ် ၃၂၁ ကမူ ဗိုလ်တဦးကိုသာ ရုံးထုတ်စစ်ဆေးခဲ့သည်။ ထိုစစ်ဗိုလ်မှ ၄င်းအနေဖြင့် ဤအမှုနှင့်ပတ်သက်၍ ပါဝင်ပတ်သက်မှုမရှိခဲ့ကြောင်း၊ ဆွမ်လွတ်ရွှယ်ဂျာလည်း စခန်းသို့ တခါမျှမလာဖူးကြောင်း ငြင်းဆိုခဲ့သည်။ လုံလောက်သည့် သက်သေအထောက်အထား မရှိဟု ဆိုကာ တရားရုံးမှ အမှုကို ပယ်ချခဲ့သည်။

မူဆယ်မြို့တွင် လူကုန်ကူးခံရသည့်အမှုများကို ကိုင်တွယ်ဖြေရှင်းပေးနေသော လူကုန်ကူးမှုတိုက်ဖျက်ရေးဌာနတခုရှိ သော်လည်း ၄င်းတို့သည် လူကုန်ကူးခံရသူများအား ကချင်ထိန်းချုပ်နယ်မြေသို့ ပြန်လည်ပို့ဆောင်ပေးခြင်းမရှိပေ။ ယင်ကျန်းသို့ မိသားစုနှင့်အတူ ပြောင်းရွှေ့ခဲ့ပြီး နောက်ပိုင်းတွင် တရုတ်ပြည်အရှေ့ဘက် ဖူဂျန်ခရိုင်ရှိ တီခတ်ကျေးရွာ ငယ်တခုသို့ လူကုန်ကူးခံခဲ့ရသည့် အမျိုးသမီးတဦးမှ အိမ်ပြန်ရောက်ရေးအတွက် သူမရင်ဆိုင်ခဲ့ရသည့် အခက်အခဲများ ကို ပြောပြခဲ့သည်။

> *"... ၂၀၁၃ ခုနှစ် ဧပြီ ၂၆ ရက်နေ့မှာ ရဲက ကျမကို ယူနန်ကို ခေါ်သွားတယ်။ ပြီးတော့ မူဆယ်က လူကုန်ကူး မှုတိုက်ဖျက်ရေးဌာနကို ပို့ပေးတယ်။ အဲဒီက ဝန်ထမ်းက ကျမရဲ့ နေရပ်လိပ်စာကိုမေးတော့ ကျမက လိုင်ဇာ ကလို့ ဖြေလိုက်တယ်။ ဘာလို့လဲဆိုတော့ ကျမက ယင်ကျန်းကလို့ပြောရင် သူတို့က မပို့ပေးမှာကို စိုးရိမ် လို့။ အဲဒီဌာနက အရာရှိက ကျမကို လိုင်ဇာကို မပို့နိုင်တဲ့အကြောင်းပြောတယ်။ ပြီးတော့ ကျမတို့ မူဆယ်က ကချင်နှစ်ခြင်းဘုရားကျောင်းကို ပို့လိုက်တယ်။ ၂၀၁၃ မေ ၁ ရက်နေ့မှာ ဘုရားကျောင်းက လူတွေက ကျမကို လာခေါ်တယ်"*

လူကုန်ကူးခံခဲ့ရသူ နောက်ထပ် အမျိုးသမီးတယောက်မှ ရွှေလီရှိ အစိုးရဌာနတခုမှ သူမအိမ်ပြန်နိုင်ရေးအတွက် ကူညီ ပေးခဲ့ကြောင်းဆိုပါသည်။ ထိုအစိုးရဌာနမှာ မြန်မာနှင့် တရုတ်အာဏာပိုင်များ ပူးပေါင်းဆောင်ရွက်သည့် ရွှေလီနယ်စပ် ဆက်သွယ်ရေးရုံး ဖြစ်နိုင်ချေရှိသည်။ ထိုရုံးမှ သူမအတွက် တရားဝင်ခရီးသွားလက်မှတ်ကို ထုတ်ပေးခဲ့ကြောင်း သူမမှ ပြောပြသည်။

*"ဒီဇင်ဘာ ၃၁ ရက်နေ့မှာ ကျမ ရွှေလီကို ရောက်တယ်။ တရုတ်ရဲနှစ်ယောက်က ကျမကို ရွှေလီအစိုးရရုံးတစ်ခု ကို ပို့ ပေးတယ်။ ဘယ်ရုံးလဲဆိုတာတော့ ကျမသေချာမသိဘူး။ အဲဒီရုံးက ကချင်အမျိုးသမီးတဦးက ကျမကို စားသောက်ဆိုင်တခုကို ထမင်းကျွေးတယ်၊ ပြီးတော့ အိမ်ပြန်ဖို့အတွက် တရုတ်ယွမ် ၆၀ ပေးတယ်။ နယ်စပ်ဖြတ်ကျော်ခွင့်လက်မှတ်လည်း ပေးတယ်။"*

## *တရုတ်အာဏာပိုင်များ၏ တုံ့ပြန်မှုများ*

တရုတ်နိုင်ငံအနေဖြင့် စစ်ပွဲပဋိပက္ခကြောင့် မြန်မာနိုင်ငံဘက်ခြမ်းမှ ထွက်ပြေးလာသော မြန်မာနိုင်ငံသားများကို ဒုက္ခ သည်အဖြစ် အသိအမှတ်မပြုခြင်း၊ နယ်စပ်ဒေသတလျှောက် ခိုလှုံနေသော ထောင်နှင့်ချီသည့် ဒုက္ခသည်များအား နေရပ်သို့ပြန်လည်မောင်းထုတ်ခြင်းတို့သည် တရုတ်နိုင်ငံတွင်း တရားမဝင်ရွှေ့ပြောင်းမှုပြဿနာများ၊ လူကုန်ကူးမှုပြဿနာ များကို ဖြစ်စေသော အဓိက အကြောင်းအရင်းများဖြစ်သည်။

အခြားတဖက်တွင်လည်း တရုတ်အာဏာပိုင်များသည် မြန်မာနိုင်ငံမှ လူကုန်ကူးခံရသော အမျိုးသမီးများကို ကူညီပေး ရေးအတွက်လည်း စီမံဆောင်ရွက်လျှက်ရှိသည်။

ဥပမာ- တရုတ်နိုင်ငံ ဖူဂျန်ရှိ ရွာငယ်လေးတစ်ရွာသို့ လူကုန်ကူးခံခဲ့ရပြီး တရုတ်အမျိုးသားတဦးနှင့် လက်ထပ်ထိန်းမြား ရန် လိမ်လည်ခံခဲ့ရသည့် အသက် ၂၁ နှစ်အရွယ် အမျိုးသမီးတဦးသည် ဒေသခံရဲများကို ဆက်သွယ်အကြောင်းကြား ပြီးနောက် ချက်ချင်းပင် ထိုရဲစခန်းမှ အကူအညီရရှိခဲ့သည်။

*"၃ လလောက်ကြာတော့ တရုတ်မိသားစုတစုက ကျမကို ဖုန်းပေးသုံးတယ်။ အဲဒါနဲ့ ကျမ ရဲဌာနကို ဖုန်းဆက် အကူအညီတောင်းလိုက်တယ်။ အဲဒါနဲ့ မိနစ်ပိုင်းအတွင်းမှာပဲ ရဲစခန်းက ရဲတွေရောက်လာပြီး ကျမကို ရဲစခန်း ခေါ်သွားပေးတယ်။"*

နောက်ထပ် ဖြစ်ရပ်တခုအရ ကူမင်းမြို့မှ နှစ်ရက်တာခရီးအကွာအဝေးရှိ နေရာတစ်နေရာတွင် တရုတ်မိသားစုတစ်စုမှ ထွက်ပြေးလာသော အမျိုးသမီးတဦးသည် လမ်းဘေးတစ်နေရာမှ ရဲစခန်းသို့ ဖုန်းဆက်အကူအညီတောင်းရာ တရုတ်ရဲ မှ သူမအား ထိန်းသိမ်းရေးစင်တာတခုသို့ ပို့ဆောင်ပေးခဲ့သည့်အပြင် မြန်မာအမျိုးသမီးတဦးကိုလည်း စကားပြန်အ ဖြစ် ခေါ်ယူပေးခဲ့သည်။

ထိုစကားပြန်၏ အကူအညီဖြင့် ဆေးစွဲခံရပြီး လူကုန်ကူးခံခဲ့ရသည့် ဖန်းမော်မှ အသက် ၁၇ နှစ်အရွယ် အမျိုးသမီးငယ်တ ဦး၏ အခြေအနေကို တရုတ်ရဲများသိရှိခဲ့ရပြီးနောက် သူမအား နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

*"ရဲတွေက ကျမတို့ရဲ့ လက်မှတ်ကိုစစ်တော့ ကျမမှာ ဘာလက်မှတ်မှမရှိဘူး။ အဲဒါနဲ့ ကျမကို ရဲစခန်းခေါ်သွား တယ်။ ရဲက ကျမကို မေးခွန်းတွေမေးတော့ ကျမက တရုတ်စကားကို နားမလည်ဘူး။ ဆိုတော့ ရဲကနေ မြန် မာစကားပြောတတ်တဲ့သူကို ခေါ်ပေးတယ်။ အဲဒီ စကားပြန်ကတဆင့် ကျမက တရုတ်အမျိုးသား ၂ ယောက် ဆီမှာ အရောင်းခံခဲ့ရတဲ့အကြောင်း ပြောပြတယ်။ နောက်တော့ အဲဒီတရုတ်အမျိုးသားနှစ်ယောက်ကိုလည်း ရဲတွေ ဖမ်းလိုက်တယ်။ ကျမကိုလည်း ယင်ကျန်း ပြန်ဖို့ လက်မှတ်ဝယ်ပေးတယ်"*

နောက်ဖြစ်ရပ်တခုတွင် တရုတ်အာဏာပိုင်များမှ ယခုလက်ရှိအိမ်ထောင်ကျပြီး တရုတ်နိုင်ငံတွင်း နေထိုင်နေသော အလုပ်သမပဟောင်းတဦးအား မြန်မာမှတ်ပုံတင်လုပ်နိုင်ရေးအတွက် အကူအညီပေးခဲ့ဖူးသည်။

*"ခု ကျမက ကလေးယူချင်တယ်။ ဒါပေမဲ့ ကျမမှာ မှတ်ပုံတင်မရှိဘူး။ တကယ် မှတ်ပုံတင်မရှိပဲ ကလေးမွေး မယ်ဆို ကလေးမွေးစာရင်း မထုတ်ပေးဘူး။ မွေးစာရင်းမရှိပဲ ကလေးက ကျောင်းတက်လို့မရဘူး။ ဒါကြောင့် မှတ်ပုံတင်လုပ်ဖို့ မြန်မာနိုင်ငံပြန်လာခဲ့တယ်။ တရုတ်အာဏာပိုင်တွေက ကျမအတွက် ထောက်ခံစာရေးပေး ခဲ့တယ်။ ပြီးတော့ တရုတ်ရဲတွေက မန်ရှီထိလာဖို့ လက်မှတ်ဝယ်တာကအစ ကျမကို ကူညီပေးခဲ့တယ်။"*

စစ်ပွဲများဖြစ်နေသည့်ကြားမှပင် တရုတ်ရဲများသည် မြန်မာနိုင်ငံမှ အမျိုးသမီးများအား ကချင်ထိန်းချုပ်နယ်မြေအတွင်းရှိ ၎င်းတို့၏နေရပ်ပြန်နိုင်ရေးအတွက် ကူညီပေးခဲ့သည့်အပြင် ခရီးစရိတ်အတွက်လည်း ပံ့ပိုးပေးခဲ့သည်။ လူကုန်ကူးခံခဲ့ရ သည့် အသက်၂၅ နှစ်အရွယ် အမျိုးသမီးတဦးမှ တရုတ်ရဲမှ သူမအား လိုင်ဇာပြန်ပို့ရေးအတွက် သေချာစီစဉ်ပေးခဲ့ သည့်အကြောင်း ပြောပြခဲ့သည်။

*"ယန်ကျန်းမှာ တရုတ်ရဲစခန်းမှာပဲ ကျမ တညအိပ်တယ်။ နောက်မနက်ကျတော့ တရုတ်ရဲက ကျမအ တွက် လက်မှတ်သွားဝယ်ပေးတယ်။ လိုင်ဇာကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှာ ရောက်ခဲ့တယ်"*

အချို့အမျိုးသမီးများမှာ တရုတ်ရဲများ၏ အကူအညီများရရှိပြီး နေရပ်သို့ မြန်မြန်ဆန်ဆန် ပြန်နိုင်ခဲ့သော်လည်း နောက် ဖြစ်ရပ်နှစ်ခုအရ အချို့အမျိုးသမီးများမှာ နေရပ်မပြန်ခင် ရဲစခန်းရှိ အချုပ်ခန်း၌ ၂ လ၊ ၃ လကြာ ထိန်းသိမ်းခံကြရ သည်။ ထိုကဲ့သို့ ထိန်းသိမ်းခံရခြင်းသည် အမျိုးသမီးများအတွက် ပိုမိုစိတ်ဓာတ်ကျစေသည်။

*"အချုပ်ခန်းထဲမှာ စက်တင်ဘာ ၁၀ ရက်ကနေ ဒီဇင်ဘာ ၂၄ ရက်အထိ နေရတယ်။ သူတို့ ကျမကို ဘာမှ မလုပ်ခိုင်းဘူး။ အဲဒီမှာ ၃ လလောက် ကြာသွားတယ်။ ကျမကို အိမ်ပြန်ပို့ဖို့အတွက် အရာရှိတွေကို ခဏခဏ ကျမတောင်းဆိုတယ်"*

## စစ်ပြေးဒုက္ခသည်များအတွက် ထောက်ပံ့မှုသိပ်မပါသည့် နိုင်ငံတကာ အာရုံစိုက်မှု

KWAT မှ ဆက်သွယ်ခဲ့သော နိုင်ငံတကာအထောက်အပံ့ပေးရေးအဖွဲ့များ သည် ပဋိပက္ခစတင်ဖြစ်ပွားချိန်မှစ၍ ပြောင်းရွှေ့ခံရမှုများကြောင့် လူကုန် ကူးမှုနှုန်းများ မြင့်တက်လာနိုင်ဖွယ်ရှိသည့်အပေါ် စိုးရိမ်မှုများ ဖော်ပြခဲ့ကြ သည်။ သို့သော် ဤကဲ့သို့စိုးရိမ်ကြောင်းပြောဆိုရုံဖြင့် မြန်မာအစိုးရအား ထိုးစစ်ဆင်မှုမှ ရန်တန့်ရန်၊ (သို့) အိုးအိမ်မဲ့ဒုက္ခသည်များ၏ လိုအပ်ချက်များ အပြည့်အဝ ဖြည့်ဆည်းပေးနိုင်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်း စဉ်ကြီးတခု ပြုလုပ်ရန်အတွက် မြန်မာစိုးအရအား ပြင်းပြင်းထန်ထန် ဖိအားပေးရာမရောက်ပေ။ စစ်ပွဲများနှင့် လူကုန်ကူးမှုများ အရှိန်တိုး ဖြစ်ပွားနေချိန်တွင် အိုးအိမ်မဲ့ဒုက္ခသည်များအတွက် မြန်မာအစိုးရအား ဖိအားပေးရမည့်အစား နိုင်ငံတကာအစိုး ရများနှင့် နိုင်ငံတကာအဖွဲ့အ စည်းများသည် မြန်မာအစိုးရ၏ လက်ရှိပြုလုပ်နေသော ပြုပြင်ပြောင်း လဲရေးလုပ်ဆောင်ချက်အပေါ်သာ ချီးကျူးထောပနာ ဖွဲ့နေကြသည်။

နှစ်စဉ်နှစ်တိုင်း အမေရိကန်အစိုးရဌာနမှ နိုင်ငံတိုင်း၏ လူကုန်ကူးမှုတိုက် ဖျက်ရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို အဆင့် ၄ ဆင့်ဖြင့်တိုင်းတာ၍ နိုင်ငံတကာလူလူချင်းကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာကို ထုတ်ပြန်သည်။ အစီရင်ခံစာ ထုတ်ပြန်မှုစတင်ခဲ့သည် ၁၉၉၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံသည် လူကုန်ကူးမှုနှင့်ပတ်သက်၍ သေချာအကောင်ထည် ဖော်မှုမရှိသော၊ သတ်မှတ်ထားသောစံနှုန်းများ [လူကုန်ကူးခံရသူများအား ကာကွယ်ရေးဥပဒေ၏) နှင့် ပြည့်မှီအောင် ကြိုးပမ်းအားထုတ်မှုမရှိသော အခြားနိုင်ငံအစိုးရများနှင့်အတူ အနိမ့်ဆုံးအဆင့် အဆင့် ၃ တွင် တည်ရှိနေခဲ့သည်။






***Pursuing peace?*** *၂၀၁၃ ခုနှစ် ဧပြီလတွင် ဝန်ကြီး ဦးအောင်မင်းသည် သမ္မတဦးသိန်းစိန်ကိုယ်စား International Crisis Group မှ ငြိမ်းချမ်းရေးဆုကို လက်ခံရယူနေချိန်တွင်  (အောက်ပုံ) ကချင်ပြည် နယ်တွင် မြန်မာအစိုးရ စစ်သားများ တိုးမြှင့်ချထား ခဲ့သည်။ (အထက်ပုံ)*
*ဓာတ်ပုံ : ကချင်သတင်းစဉ် (KNG) (အထက်ပုံ) နှင့် မြန်မာသမ္မတရုံး (အောက်ပုံ)*

၂၀၁၂ ခုနှစ် ဇွန်လတွင် အမေရိကန်အစိုးရဌာနမှ မြန်မာနိုင်ငံအား အဆင့် ၃ သတ်မှတ်ရာမှ အဆင့် ၂ သို့ ပြောင်းလဲ သတ်မှတ်ခဲ့သည်။ အကြောင်းအရင်းမှာ မြန်မာအစိုးရသည် "လူကုန်ကူးခံရသူများကာကွယ်ရေးဥပဒေ စံချိန်စံနှုန်းအရ အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်းမရှိ" သော်လည်း ထိုစံနှုန်းများရောက်အောင် ကြိုးပမ်းအားထုတ်နေသည်ဟူ သော သုံးသပ်ချက်ကြောင့်ဖြစ်သည်။ အစီရင်ခံစာသည် မြန်မာနိုင်ငံအား အဆင့်သတ်မှတ်ရာတွင် ၎င်း၏ လူကုန်ကူးမှု လျော့ချရေးအောင်မြင်မှုထက် အစိုးရ၏ လူကုန်ကူးမှု တိုက်ဖျက်ရေး ကြိုးပမ်းအားထုတ်မှုအပေါ်သာ အခြေခံ၍ သတ် မှတ်ထားသည်။

အစီရင်ခံစာမှအသိအမှတ်ပြုပြောဆိုထားသည့်အကြောင်းအရာများမှာလူကုန်ကူးမှုပပျောက်ရေးဆိုင်ရာအရေးပေါ်ဖုန်းနံပါတ်များထားပေးခြင်း၊ ကုလသမဂ္ဂ ကလေးစစ်သားဆန့်ကျင်ရေးလုပ်ငန်းအစီအစဉ်အား လက်မှတ်ရေးထိုးခြင်း နှင့် အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုအား ပြစ်မှုအဖြစ် အသိအမှတ်ပြုသော ဥပဒေသစ်ရေးဆွဲခြင်း စသည်တို့ကဲ့သို့ သော ကုန်ကူးမှုဆိုင်ရာ မူဝါဒများ ပြင်ဆင်ရေးဆွဲနေသည့် လတ်တလော ခြေလှမ်းများအကြောင်းဖြစ်သည်။ သို့သော် မြန်မာနိုင်ငံတွင် လူကုန်ကူးမှုဖြစ်စေသည့် အဓိကအကြောင်းအရင်းဖစ်သော နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ပြဿနာ များမှာမူ မပြောင်းမလဲ တည်ရှိနေဆဲပင်ဖြစ်သည်။ ထိုအခြေအနေများကို အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်ခဲ့ချိန်မှစ၍ မြန်မာစစ်တပ်မှ ပဋိပက္ခများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ လက်ရှိကျူးလွန်နေဆဲဖြစ်သော ကချင်ပြည်နယ်တခုတည်းကိုသာ ကြည့်ရုံဖြင့် သိရှိနိုင်သည်။

အမေရိကန်မှ လူကုန်ကူးမှုတိုက်ဖျက်မှု အဆင့်သတ်မှတ်ချက် တိုးမြင့်ခဲ့ခြင်းသည် အသေးအမွှားတခုဖြစ်သော်လည်း မြန်မာနိုင်ငံနှင့် စီးပွားရေးနှင့် ကူညီထောက်ပံ့မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည် ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများဝင်ရောက်ရန်အတွက် တံခါးပွင့်စေခဲ့သည်။ ပြီး ခဲ့သောနှစ်များတွင် ကမ္ဘာ့ဘဏ်သည် မြန်မာနိုင်ငံအား လူကုန်ကူးမှုတွင် ကြိုးပမ်းအားထုတ်မှုအနည်းဆုံး နိုင်ငံအဖြစ် အဆင့် ၃ တွင် ရှိနေသောကြောင့် မြန်မာနိုင်ငံအား ငွေချေးပေးရန် ငြင်းဆိုခဲ့သည်။ သို့သော် ၂၀၁၂ ခုနှစ်အစီရင်ခံစာ ထွက်ရှိပြီး ၂ လကြာသောအခါ ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံအား ဖွံ့ဖြိုးရေးထောက်ပံ့မှုအဖြစ် အမေရိကန်ဒေါ်လာ ၈၅ သန်း ပေးရန် သဘောတူခဲ့ပြီး မြန်မာနိုင်ငံ၏ အကြွေးမြီကင်းရှင်းရေးအတွက်လည်း အကူအညီများ ကမ်းလှမ်းခဲ့သည်။ ယေဘုယျအားဖြင့် ဤရန်ပုံငွေများသည် အစိုးရ၏လက်ရှိဦးစားပေးလုပ်ငန်းစဉ်နှင့် ကိုက်ညီသော အစီအစဉ်များအ တွက်သာ ကူညီထောက်ပံ့လေ့ရှိသည်။ ယခုအချိန်တွင် ထိုအကူအညီများသည် ပဋိပက္ခကြောင့် ထိခိုက်ပျက်စီးနေ သော ဒေသများဆီသို့ ရောက်မည်၊ မရောက်မည်မှာ မသေချာပေ။

## လူထုအခြေပြုအဖွဲ့အစည်းများနှင့် နိုင်ငံတကာဆက်စပ်ဆောင်ရွက်မှုအားနည်းခြင်း

မကြာသေးခင်ကာလအတွင်း ကမ္ဘာ့ကုလသမဂ္ဂ၏ လူကုန်ကူးမှုပပျောက်ရေးအဖွဲ့ (UNIAP) မှ ဒုက္ခသည်စခန်း ၃ ခု အတွင်း မျိုးဆက်ပွားကျန်းမာရေး၊ လူကုန်ကူးမှုနှင့် ကျား၊ မ ခွဲခြားဆက်ဆံမှုနှင့် ပတ်သက်သည့် ပညာပေးသင်တန်း များလုပ်ရန် အလှူငွေထောက်ပံ့ခဲ့သည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာမှ ၂၀၁၃ ဇန်နဝါရီလအတွင်း အလုပ်ရုံဆွေးနွေးပွဲ များ လုပ်ဆောင်ရန် ပြင်ပမှ နိုင်ငံတကာသင်တန်းဆရာများကို ခေါ်ယူခဲ့သည်။ ဒုက္ခသည်များအတွက် ထိုကဲ့သို့သော ပညာပေးသင်တန်းများ လုပ်ဆောင်လျှက်ရှိသော KWAT အဖွဲ့အပါအဝင် အခြားဒေသခံအမျိုးသမီးအဖွဲ့အစည်းအများ နှင့် စပ်ဆက်လုပ်ဆောင်မှု လုံးဝ မရှိခဲ့ပေ။ ဤကဲ့သို့ ဆက်စပ်လုပ်ဆောင်မှု မရှိခြင်းသည် လုပ်ငန်းစဉ်များ ထပ်သွား ခြင်းနှင့် အကန့်အသတ်ရှိသော အလှူငွေအရင်းအမြစ်အား ဖြုန်းတီးခြင်းကို ဖြစ်စေသည်။

## *ရွှေ့ပြောင်းခဲ့ရခြင်း၊ ကွဲကွာခဲ့ရခြင်းနှင့် ရောင်းစားခံရခြင်း*

ပဋိပက္ခမဖြစ်ခင်တုန်းက ကျမတို့ နမ်ဆန်ယန် ရွာမှာ နေတယ်။ ဖွန်ကုန်ပိုင်းရောက်တော့ ကျမတို့ရွာကို မြန်မာအစိုးရ စစ်သားတွေ ဝင်လာတော့ နယ်စပ်မှာရှိတဲ့ ဒုက္ခသည်စခန်းကို ကျမတို့ ထွက်ပြေးလာတယ်။ စခန်းထဲမှာနေပြီး တစ်လ လောက်ကြာတော့ ရွာက ကျမအိမ်မှာ ပစ္စည်းတွေပြန်ယူဖို့ ကျမ ရွာခဏပြန်ခဲ့တယ်။ စခန်းမှာ ကျမမရှိတဲ့အချိန်မှာ ကျမ မက် (....) က သူ့သမီး ကို ဖုန်းဆက်ပြီး ကျမသမီး (....) ကို ယင်ကျန်းကို ခေါ်လာဖို့ပြောတယ်။

ပထမဆုံးတော့ ကျမသမီးက လိုက်သွားဖို့ငြင်းခဲ့တယ်။ ဒါပေမဲ့ နောက်ဆုံးတော့ တရုတ်ပြည်ကို ပါသွားတယ်။ ကျမ စခန်းကို ပြန်ရောက်လာတော့ အသိမိတ်ဆွေတွေက ပြောတယ်။ ကျမသမီးက သူ့ဦးလေးကို ကြောက်ရလို့ သူ့ဦးလေး ခေါ်ရာ ပါသွားတဲ့အကြောင်း ပြောပြကြတယ်။

ဩဂုတ်လ အစောပိုင်းရောက်တော့ ကျမ မက် (...) က ကျမကို ယင်ကျန်း သွားဖို့ခေါ်တယ်။ ဘာလို့လဲဆိုတော့ တရုတ်အမျိုးသားတချို့က ကျမသမီးကို လက်ထပ်ယူဖို့ လာပြောနေကြတယ်တဲ့။ အဲဒါနဲ့ ကျမလည်း သူ့နောက်လိုက် သွားတယ်။ ယင်ကျန်း ရောက်တော့ အဲဒီမှာ လူ ၇ ယောက်လောက်ရှိတယ်။ ပွဲစားရယ်၊ အဲဒီပွဲစားရဲ့ဆွေမျိုးရယ်၊ တရုတ်ပွဲစားမရယ်၊ ပြီးတော့ ကျမရယ်။

သူတို့တွေ ကျမသမီးကို ရောင်းစားဖို့ ထောင်ချောက်ဆင်လိုက်တာ ကျမမသိလိုက်ဘူး။ တရုတ်အမျိုးသားတယောက် က သတို့သမီးတင်တောင်းငွေအဖြစ် ငွေတွေပေးတယ်။ ဘယ်လောက်လဲဆိုတာတော့ ကျမလည်းမသိဘူး။ ကျမက တရုတ်စာမှ ဖတ်မတတ်တာ။ အဲဒီရတဲ့ငွေထဲက ယွမ် ၃၀၀၀ ကို ပွဲစားရဲ့ အစ်ကိုကို ချေးပေးလိုက်တယ်။ ပွဲစားရဲ့ ယောက်ခမတွေကိုတော့ ယွမ် ၁၀၀ စီပေးလိုက်တယ်။ ကျန်တဲ့ငွေတွေကိုတော့ ကျမ အိတ်ထဲထည့်သိမ်းပြီး ပြန်လာခဲ့ တယ်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်နေ့ရောက်တော့ သူ့အဒေါ်ဖုန်းနဲ့ ကျမဆီကို ဖုန်းဆက်လာတယ်။ သူ့ကိုခေါ်သွားတဲ့ တရုတ်အမျိုးသားက ဆေးထိုးပေးမယ်ဆိုပြီး မြို့တမြို့ကိုခေါ်သွားတယ်တဲ့။ ဒါပေမဲ့ အဲဒီမြို့ကိုရောက်တော့ ကျမသမီး က ဆေးထိုးဖို့ အတင်းငြင်းပြီး ငိုယိုခဲ့တဲ့အတွက် ဆေးအထိုးမခံရပဲ အိမ်ပြန်ခေါ်ခဲ့တယ်တဲ့။ ဘာကြောင့်ဆေးထိုးရမလဲ ဆိုတာလည်း ကျမ သမီးက မသိဘူး။ နောက်တော့ မင်္ဂလာပွဲအတွက် ဆွေမျိုးတော်စပ်တဲ့သူတွေဆီ သွားရမယ်ဆိုပြီး ကျမသမီးကို ခေါ်ပြောတယ်တဲ့။ ဒါပေမဲ့ တကယ်တော့ အဲဒီနေရာက ကျမသမီးကို သွားရောင်းမယ့်နေရာ။ ကျမသမီး က နောက်ထပ်တခါ အရောင်းမခံရမီ သူ့ကို လာပြန်ခေါ်ဖို့ ကျမကိုပြောတယ်။ ကျမသမီးပြောတာက သူ့ကို တရုတ် အမျိုးသားဆီကို ယွမ် ၃ သောင်းနဲ့ ရောင်းထားတာတဲ့။ ကျမလည်း ကျမသမီးအရောင်းခံလိုက်ရမှန်းမသိဘူး။ ကျမ ထင်ခဲ့တာက အဲဒီတရုတ်အမျိုးသားက ကျမသမီးကို ကြိုက်လို့ လက်ထပ်ခွင့်တောင်းတယ်ပဲ ထင်ခဲ့တာ။ သတို့သမီး တင်တောင်းငွေလို့ ကျမထင်ခဲ့တဲ့ သူတို့ပေးခဲ့တဲ့ ငွေတွေလည်း ကျမသုံးလို့ကုန်သွားပြီ။ ကျမက ပညာမတတ်၊ စာမ တတ်တော့ သူတို့ ကျမကို လိမ်စားလိုက်တယ်။

အဲဒါနဲ့ ကျမက ပွဲစားကို ကျမသမီးအရောင်းစားခံလိုက်ရတဲ့အကြောင်း သွားပြောတယ်။ ဒါပေမဲ့ သူက ကျမနားလည်မှု လွဲတာပါတဲ့။ ဘာလို့လဲဆိုတော့ ကျမသမီးက ကချင်ရိုးရာခလေ့ထုံးတမ်းနဲ့အညီ ယောကျ်ားတယောက်ကို လက်ထပ်ပြီးပြီတဲ့။ ကျမ ကျမသမီးကို ပြန်လိုချင်တယ်။

## *လိုင်ဇာမှ လူကုန်ကူးခံရခြင်း*

ကျမတို့အိမ်က မြစ်ကြီးနားမြို့နားက ရွာတရွာမှာရှိတယ်။ ကျမအဖေက ဆုံးသွားပြီ။ ကျမအမေကတော့ အိမ်မှုကိစ္စက လွဲလို့ တခြားဘာအလုပ်မှ မရှိဘူး။ ကျမအမေက ရိုးရိုးအိမ်ရှင်မတယောက်ပါပဲ။ ကျမမှာလည်း ဘာဝင်ငွေမှမရှိတော့ ဖားကန့်မှာရှိတဲ့ ကျမအစ်ကိုတွေပို့တဲ့ငွေတွေနဲ့ပဲ သုံးနေတယ်။ အရင်က ကျမတို့အိမ်ရှေ့မှာ ခေါက်ဆွဲဆိုင်ဖွင့်သေး တယ်။ ဒါပေမဲ့ ရောင်းမကောင်းတော့ ရပ်လိုက်တယ်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလရောက်တော့ ကျမသူငယ်ချင်းနဲ့အတူတူ လိုင်ဇာသွားပြီး ဈေးသွားရောင်းဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒါပေမဲ့ တိုက်ပွဲတွေက ဆက်တိုက်ဖြစ်နေတော့ ကျမတို့လည်း ဘာမှ ရောင်းလို့ မရဘူး။ အဲဒါကြောင့် လိုင်ဇာမှာ အလုပ်မရှိ၊ ဝင်ငွေမရှိနဲ့ နေနေခဲ့ရတယ်။

နောက်တော့ မ (....) လို့ခေါ်တဲ့ အမျိုးသမီးတစ်ယောက်နဲ့ ကျမ သိကျွမ်းခဲ့တယ်။ သူက ကျမကို တရုတ်နိုင်ငံက ရွှေ တူးလုပ်ငန်းမှာ တစ်လကို

ယွမ် ၈၀၀ နဲ့ ထမင်းချက်အလုပ်ရှိတယ်၊ သွားလုပ်လို့ရတယ်ဆိုပြီး ပြောတယ်။ ကျမ အလုပ် တော့ ရခဲ့ပါတယ်။ ဒါပေမဲ့ တရုတ်စကားလည်းမတတ်၊ တရုတ်အစားအစာလည်း မချက်တတ်တော့ ၂ ပတ်လောက် အကြာမှာ ကျမ အဲဒီအလုပ်က ထွက်လိုက်တယ်။ ၂ ပတ်စာ အလုပ်ဆင်းခဆိုပြီး ကျမကို ယွမ် ၁၀၀ ပဲပေးတယ်။ နောက် အဲဒီသူငယ်ချင်း မ (...) ကပဲ ငရုတ်ကောင်းစိုက်ခင်းတခုမှာ အလုပ်ရှိတယ်ဆိုပြီးပြောလာတယ်။ တစ်လ ယွမ် ၆၀၀ လောက်ရမယ်ဆိုတော့ သူတို့အတူ ကျမ သွားလိုက်လုပ်တယ်။ ဒါပေမဲ့ အဲဒီမှာလည်း အလုပ်က ပုံမှန်မရှိတော့ တပတ်လောက်နေပြီး ကျမ လိုင်ဇာကို ပြန်လာခဲ့တယ်။

လိုင်ဇာမှာ ၂ ပတ်လောက်နေပြီးတော့ အဲဒီ ကျမသူငယ်ချင်း မ (...) ကပဲ ခေါက်ဆွဲဆိုင်တခုမှာ အလုပ်ရှိတယ်ဆိုပြီး ပြောပြတယ်။ ကျမလည်း အလုပ်လိုချင်တော့ သူတို့နောက်လိုက်သွားတယ်။

အဲဒီကို တခြားအမျိုးသမီး ၅ ယောက်နဲ့အတူ သွားတယ်။ အဲဒီထဲမှာ မိုးကောင်းက မြန်မာအမျိုးသမီးတစ်ယောက်ရယ်၊ မိုးညင်းက မြန်မာအမျိုးသမီးတစ်ယောက်လည်းပါတယ်။ ကျမသူငယ်ချင်း မ (... ) က ဂါဒူ (တရုတ်) ကို သွားမယ်ဆို ပြီး ကျမတို့ကိုပြောပေမယ့် ယင်ကျန်း ထိ ကျမတို့ခရီးဆက်လာတယ်။ ဘာလို့ ယင်ကျန်း ကိုခေါ်လာရလဲလို့ သူ့ကို ကျမမေးတော့ အဲဒီနေရာရောက်ရင် ပြောပြမယ်ဆိုပြီး ကျမကိုပြန်ဖြေတယ်။

ကျမတို့ ယင်ကျန်းရောက်တော့ တရုတ်အမျိုးသမီးနှစ်ယောက်က ကျမတို့ကို လာခေါ်တယ်။ ပြီးတော့ ယင်ကျန်း က ဟော်တယ်တခုအခန်းထဲမှာ ကျမတို့ကို ပိတ်လှောင်ထားလိုက်တယ်။ ယင်ကျန်းရောက်တော့ ကျမတို့ကိုခေါ်လာ တဲ့ ကျမသူငယ်ချင်း မ (... ) ကို လုံးဝမတွေ့တော့ဘူး။ ကျမနဲ့အတူ တခြားမြန်မာအမျိုးသမီးနှစ်ယောက်လည်း ရှိနေ တယ်။ ကျမ ဖုန်းဆက်ဖို့ကြိုးစားတော့ ကျမဖုန်းကို လုပြီး ဖုန်းပြောခွင့်မပေးဘူး။

ကျမ အိမ်သာသွားချင်ယောင်ဆောင်ပြီး လိုင်ဇာမှာရှိတဲ့ ကျမ .... ရွာက သူငယ်ချင်းဆီ ဖုန်းဆက်လိုက်တယ်။ ကျမ ဒုက္ခရောက်နေတဲ့အကြောင်း ကျမသူငယ်ချင်း ယောကျာ်းလေးကို ပြောပြတော့ သူကတဆင့် အမျိုးသမီးအဖွဲ့ (KWA) ရုံးကိုသွားတိုင်ပေးတယ်။

အဲဒီဟော်တယ်မှာ ၂ ပတ်လောက်နေပြီးတော့ တရုတ်အမျိုးသမီးနှစ်ယောက်က ကျမတို့ကို ရွှေလီကို ပို့လိုက်တယ်။ ကျမတို့ ရွှေလီကိုရောက်တော့ ကျမတို့ကို အုပ်စုခွဲလိုက်တယ်။ တခြားမြန်မာအမျိုးသမီးနှစ်ယောက်ကို တနေရာပို့လိုက် တယ်။ ဘယ်နေရာလဲတော့ ကျမလည်းမသိဘူး။ ကျမကိုကျတော့ ကူမင်းကိုပို့တယ်။ ကူမင်းကနေ ကားနဲ့ ၂ ရက် လောက် ကျမ တခြားနေရာကို သွားရသေးတယ်။

ရွာတစ်ရွာကိုရောက်တော့ သူတို့တွေ ကျမကို တရုတ်အိမ်တအိမ်ဆီပို့တယ်။ တရုတ်တွေက ကျမကို စားသောက်စရာ ပေးပြီး အခန်းတခုမှာ သော့ပိတ်ထားတယ်။ တစ်ညမှာ တရုတ်အမျိုးသားတယောက် ကျမအခန်းထဲရောက်လာပြီး ကျမနဲ့ လာအိပ်တယ်။ ကျမကို အိမ်ပြန်ပို့ပေးဖို့နဲ့ အိမ်ကို ဖုန်းခေါ်ခွင့်ပေးဖို့ အဲဒီအမျိုးသားကို ကျမကြိုးစားပြောတယ်။ သူက ကျမကို ဘာမှမလုပ်ပေးတော့ ကျမ သူ့ကိုပြောလိုက်တယ်။ ကျမအခန်းထဲကလည်း သော့ပိတ်လိုက်ပြီလို့ ပြော လိုက်တယ်။

ကျမအထဲက ပိတ်လိုက်တော့ ဘယ်သူမှ အခန်းထဲဝင်လို့မရတော့တဲ့အခါကျမှ နောက်ဆုံးတော့ နည်းအမျိုးမျိုးသုံးပြီး တံခါး ဖွင့်လိုက်ကြတယ်။ အဲဒီအချိန်ကနေစပြီး သူတို့တွေ ကျမကို အခန်းထဲမှာ သော့မပိတ်ထားတော့ဘူး။ အပြင်ကို လည်း သွားလို့ရတယ်။ ဒါပေမဲ့ ကျမကိုတော့ သူတို့အမြဲစောင့်ကြည့်နေတယ်ပေါ့။ သူတို့ကပြောတယ်၊ ကျမကို ယွမ် ၆ ထောင်နဲ့ ဝယ်ထားတာတဲ့။ အဲဒီအိမ်မှာ မိသားစုဝင်က ၆ ယောက်ရှိတယ်။

အဲဒီအိမ်က အစ်မဖြစ်သူက ကုမ္ပဏီပိုင်ရှင်။ သူတို့က ပန်းတွေအလှဖော်တဲ့နေရာမှာသုံးတဲ့ ပိတ်စတွေ ရောင်းတယ်။ ကျမ အဲဒီအိမ်မှာ ၂ ပတ်လောက်အကြာနေပြီးနောက်ပိုင်းမှာ ထွက်ပြေးဖို့ ကြိုးစားတယ်။ ကျမထွက်ပြေးတဲ့အခါ အဝတ်အစားအိတ်တွေ သယ်စရာမလိုအောင်၊ အမြဲအဆင်သင့်ဖြစ်အောင် ကျမဆိုရင် အတွင်းခံ ၃၊ ၄ ထည်လောက် အမြဲတမ်း ထပ်ဝတ်ထားတယ်။

တစ်ညနေမှာ ကျမ အဝတ်အိတ်ကို အမှိုက်ပုံထဲ ဖွက်ထားလိုက်တယ်။ ပြီးတော့ အမှိုက်သွားပစ်ချင်ယောင်ဆောင်ပြီး ကျမ တခါတည်း ထွက်ပြေးခဲ့တယ်။ သူတို့တွေလာရှာမှာစိုးလို့ သချိုင်းမှာ အိပ်ခဲ့တယ်။ ဒါပေမဲ့ သူတို့တွေ သချိုင်းအနံ့ ကျမကို လိုက်ရှာတယ်။ ကျမ အရမ်းကြောက်တော့ ဆုပဲတောင်းနေမိတယ်။

ကျမက အုတ်ကူအမြင့်နားမှာ ပုန်းနေတော့ သူတို့ကျမကို ရှာလို့မတွေ့ဘူး။ နောက်မနက်ကျတော့ ကျမ လမ်းမကြီးကို ထွက်လာတော့ ကျမကို ကူညီခဲ့တဲ့ တရုတ်အမျိုးသမီးတစ်ယောက်နဲ့ တွေ့ခဲ့တယ်။ သူ့အကူအညီနဲ့ပဲ ကျမသူငယ်ချင်း ကို (....) ကို ဖုန်းခေါ်လို့ရခဲ့တယ်။ ကျမသူငယ်ချင်းက အဲဒီတရုတ်အမျိုးသမီးကို ရဲစခန်းကို ဖုန်းခေါ်ခိုင်းတော့ သူလည်း ဖုန်းခေါ်ပေးခဲ့တယ်။

နောက်တော့ ရဲ ၃ ဦးရောက်လာပြီး ကျမကို ရဲစခန်းခေါ်သွားတယ်။ ကျမ အဲဒီရဲစခန်းမှာ တညအိပ်ပြီး နောက်မနက် တော့ ကျမကို တခြားမြို့က ရဲစခန်းဆီ ပို့ပေးတယ်။ ဘယ်မြို့လည်းတော့ ကျမလည်းမသိဘူး။ အဲဒီက ထိန်းသိမ်းရေး စင်တာမှာ ကျမကို သွားထားတယ်။ ရဲတွေက ကျမကို ဓာတ်ပုံရိုက်တယ်။ ပြီးတော့ ရန်ကုန်က စကားပြန် အမျိုးသမီး တယောက်က ကျမဆီလာပြီး အများကြီးမေးတယ်။ ကျမလည်း ဖြစ်ကြောင်းကုန်စင် သူ့ကို ပြောပြလိုက်တယ်။

ရဲစခန်းက အခန်းသေးထဲမှာ စက်တင်ဘာ ၁၀ ရက်ကနေ ဒီဇင်ဘာ ၂၄ ရက်ထိ နေရတယ်။ အဲဒီမှာနေတဲ့အချိန် တရုတ်စကားပြော သင်ခဲ့ရတယ်။ ကျမအဲဒီမှာနေတုန်းက သူတို့ ကျမကို ဘာမှမလုပ်ခိုင်းဘူး။ ၃ လလောက်နေခဲ့ရ တယ်။ ရဲအရာရှိတွေလာရင်တော့ ကျမကို အိမ်ပြန်ပို့ပေးဖို့ ခဏခဏတောင်းဆိုတယ်။ ဒီဇင်ဘာ ၂၅ ရက်နေ့မှာတော့ ရဲအရာရှိ ၂ ဦးလာပြီးတော့ ကျမကို ခေါ်ထုတ်သွားတယ်။ သူတို့နဲ့အတူ ဒီဇင်ဘာ ၂၆ ကနေ ၂၈ ရက်အထိ ရထားစီး ပြီး ၃၀ ရက်နေ့တော့ ကျမ ကူမင်းကိုရောက်တယ်။

ဒီဇင်ဘာ ၃၁ ရက်နေ့မှာ ကျမ ရွှေလီရောက်တယ်။ ရဲနှစ်ဦးက ကျမကို ရွှေလီအစိုးရရုံးတခုကို ပို့ပေးတယ်။ ဘာရုံးလဲတော့ ကျမလည်း မသိဘူး။ အဲဒီရုံးက ကချင်အမျိုးသမီးတယောက်က ကျမကို စားသောက်ဆိုင်တခုမှာ ထမင်းလိုက်ကျွေး တယ်၊ ပြီးတော့ အိမ်ပြန်ဖို့အတွက် ယွမ် ၆၀ ကျမလက်ထဲ ထည့်ပေးတယ်။

ကျမကို နယ်စပ်ဖြတ်ကျော်ခွင့်လက်မှတ်လည်း ထုတ်ပေးပြီး ကားသမားကိုပြောတယ်.. ကျမကို ရဲစခန်းပို့ပေးဖို့ မှာ လိုက်တယ်။ ယင်ကျန်း ရောက်တော့ တရုတ်ရဲစခန်းမှာ ကျမ တစ်ညအိပ်တယ်။ နောက်မနက်ကျတော့ ရဲက ကျမကို အပြန်အတွက် လက်မှတ်ဝယ်ပေးတယ်။ ၂၀၁၃ ဇန်နဝါရီ ၁ ရက်နေ့မှာ ကျမ လိုင်ဇာရောက်တယ်။ လိုင်ဇာရောက် တော့ ကျမသူငယ်ချင်းဟောင်းဆီမှာ သွားနေခဲ့တယ်။ ကျမသူငယ်ချင်းကို (....) က အမျိုးသမီးအဖွဲ့အကြောင်းပြော ပြတယ်။ ပြီးတော့ ကျမလည်း ကျမအမှုကို တိုင်ဖို့ ဒီကိုလာခဲ့တယ်။

## *ဖူဂျန်တွင် လက်ထပ်ထိမ်းမြားရန်အတွက် ရောင်းစားခံရခြင်း*

ကျမကို မြစ်ကြီးနားမှာ မွေးတယ်။ ကျမအမေဆုံးပြီးတဲ့နောက်မှာ ၂၀၀၈ ခုနှစ်မှာ ကျမတို့မိသားစု တရုတ်နိုင်ငံ ယင်ကျန်း ရွှေ့ပြောင်းခဲ့တယ်။ ယင်ကျန်း မှာ ကျမအဖေက ကုန်သည်အမျိုးသမီးတယောက်နဲ့ အိမ်ထောင်ထပ်ကျ တယ်။ ကျမအဖေက အဲဒီမှာ ကွန်ပြူတာ ဂိမ်းဆိုင်ဖွင့်ထားတယ်။ အဲဒီဂိမ်းဆိုင်မှာ ညဖက်ဆို ကျမ အလုပ်လုပ်တယ်။ တစ်လ ယွမ် ၁၅၀၀ ရတယ်။ အဲဒီဆိုင်မှာအလုပ်လုပ်ရင်း ကျမ ကချင်အမျိုးသမီးနှစ်ယောက်နဲ့ သိခဲ့ရတယ်။ သူတို့က ကျမကို တခြားနယ်မှာ အလုပ်သွားလုပ်ဖို့ ဆွယ်တယ်။ တခြားမှာလုပ်ရင် တစ်လ ယွမ် ၃ ထောင်လောက်ရမယ်လို့ သူတို့ကပြောတယ်။ အဲဒါကြောင့် သူတို့နဲ့ သွားဖို့ ကျမ ဆုံးဖြတ်လိုက်တယ်။ ကျမမိသားစုက ခွင့်မပြုမှာစိုးလို့ဆိုပြီး ကျမ ဘယ်သူ့မှ မပြောသွားဘူး။ အဲဒီအမျိုးသမီးနှစ်ယောက်က ကျမကို ကူမင်းခေါ်သွားတယ်။ ကူမင်းကတဆင့် ဖူဂျန်၊ ပြီးတော့ တီကွတ် ကိုခေါ်သွားတယ်။ အဲဒီကိုရောက်ဖို့ ၂ ရက်နဲ့ နေ့တဝက်လောက်ကြာတယ်။

ကျမ အဲဒီကိုရောက်တော့ သူတို့က ကျမကို တရုတ်အမျိုးသားတယောက်နဲ့ ယူဖို့ပြောတယ်။ ပြီးတော့ ကျမကို ရွာတရွာက အိမ်တအိမ်ကို ပို့လိုက်တယ်။ ကျမ အဲဒီအိမ်မှာနေတဲ့အချိန်မှာ အဲဒီအိမ်ကလူတွေက ကျမကို ဘယ်မှ ပေးမသွားဘူး။ ကျမ သူတို့ကိုပြောတယ်။ ကျမ အိမ်ထောင်မပြုချင်ဘူး၊ ကျမ အိမ်ပဲပြန်ချင်တယ်လို့။ အဲဒီမှာ သူတို့က ကျမအိမ်ပြန်ချင်တယ်ဆိုရင် သူတို့ကို ယွမ် ၄ သောင်း ပြန်ပေးဆိုပြီးပြောတယ်။ အဲဒီအချိန် ကျမမှာ ပြန်ပေးစရာ ပိုက်ဆံလည်းမရှိဘူး။ ဒါပေမဲ့ လက်လည်း မထပ်ချင်ဘူး။ ရက်နည်းနည်းကြာတော့ သူတို့က ကျမကိုပြောတယ်။ တကယ်လို့ ကျမ လက်မထပ်ချင်ဘူးဆိုရင် ခွေးတွေနဲ့ ပေးနေမယ်ဆိုပြီး ပြောပြီး အဲဒီခွေးတွေရှိတဲ့နေရာ ကျမကို ခေါ်ပြတယ်။ ခွေးတွေက အကောင်ကြီးပြီး အမြင့်ကြီးပဲ။ ကျမလည်း ခွေးနဲ့နေရမှာစိုးလို့ လက်ထပ်ဖို့ သဘောတူခဲ့ တယ်။ ဒါပေမဲ့ ကျမတို့ မင်္ဂလာပွဲတောင် မလုပ်ခဲ့ပါဘူး။ ဒီအတိုင်းပဲ အတူတူအိပ်လိုက်ကြတာ။ အဲဒီတရုတ်အမျိုးသားနဲ့ လက်ထပ်ခဲ့ပြီးပေမယ့် အဲဒီအိမ်ကလူတွေက ကျမကို မိသားစုနဲ့ အဆက်အသွယ်မလုပ်ခိုင်းဘူး။ ကျမမိဘတွေဆီ ဖုန်းဆက်ခွင့်မပေးဘူး။ သူတို့မိသားစုက လယ်သူမား တွေဆိုတော့ သူတို့နဲ့အတူ ကျမ လယ်လုပ်ရတယ်။ ၃ လ လောက်ကြာတော့ သူတို့ ကျမကို ဖုန်းသုံးခွင့်ပေးတယ်။ အဲဒါနဲ့ ကျမ ရဲစခန်းကို ဖုန်းဆက်လိုက်တယ်။ မိနစ်ပိုင်း အတွင်းမှာပဲ ရဲတွေရောက်လာပြီး ကျမကို ရဲစခန်းခေါ်သွားတယ်။

ရဲစခန်းမှာရောက်တော့ ရဲက ကျမကို အချုပ်ထဲထည့်လိုက်တယ်။ ရဲတွေက ကျမကို ကောင်းကောင်းမဆက်ဆံဘူး။ ကျမစားဖို့အတွက် ဆိုပြီး ထမင်းနဲ့ ဟင်းချိုပဲပေးတယ်။ ၂ လလောက် အချုပ်ထဲမှာနေပြီး ၂၀၁၃ ခုနှစ် ဧပြီ ၂၆ ရက်နေ့မှာ ရဲက ကျမကို ယူနန်ပို့တယ်။ ပြီး တော့ မူဆယ်ခရိုင်က လူကုန်ကူးမှုတိုက်ဖျက်ရေးဌာနကိုပို့တယ်။ အဲဒီက ဝန်ထမ်းက ကျမရဲ့ နေရပ်လိပ်စာကိုမေးတော့ ကျမက လိုင်ဇာ ကလို့ ဖြေလိုက်တယ်။ ဘာလို့လဲဆိုတော့ ကျမက ယင်ကျန်းကလို့ပြောရင် သူတို့က မပို့ပေးမှာကို စိုးရိမ် လို့။ အဲဒီဌာနက အရာရှိက ကျမကို လိုင်ဇာကို မပို့နိုင်တဲ့အကြောင်းပြောတယ်။ ပြီးတော့ ကျမတို့ မူဆယ်က ကချင်နှစ်ခြင်းဘုရားကျောင်းကို ပို့လိုက်တယ်။ ၂၀၁၃ မေ ၁

# နိဂုံးချုပ်နှင့် အကြံပြုချက်များ

**ဤအစီရင်ခံစာပါ လေ့လာဆန်းစစ်ထားသော ဖြစ်ရပ်များကို** ကြည့်ခြင်းအားဖြင့် ပဋိပက္ခနှင့် နေရာရွှေ့ပြောင်းမှုများ သည် လူကုန်ကူးမှုပြဿနာများ ပိုမိုကြီးထွားစေသည်ကို ထင်ရှားစွာပြသနေသည်။ လူကုန်ကူးမှု အန္တရာယ်ကြီးမား နေပြီးသား ဒေသများတွင် မြန်မာအစိုးရစစ်တပ်၏ ထိုးစစ်ဆင်မှုများသည် အိုးအိမ်မဲ့ရွှေ့ပြောင်းသူများ အခက်အခဲ များကြုံတွေ့ရင်ဆိုင်ရပြီး တရုတ်နိုင်ငံတွင်းသို့ ထပ်မံရွှေ့ပြောင်းရန်သာရွေးချယ်ခွင့်ရှိတော့မည့် တရုတ်နယ်စပ်သို့ ပိုမို ရောက်ရှိအောင် တွန်းအားပေးနေသည်။ တရားဝင် ခရီးသွားခွင့်အနည်းငယ် (သို့) လုံးဝမရှိသည့် ဤရွှေ့ပြောင်းသူများ သည် လူကုန်ကူးမှုအပါအဝင် နည်းအမျိုးမျိုးဖြင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ခံနေရမည့်အခြေအနေတွင် ရှိနေကြသည်။

မြန်မာစစ်တပ်၏ ထိုးစစ်ဆင်မှုတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းသည် လူကုန်ကူးမှုပြဿနာများအား ထိ ရောက်စွာ အရေးယူဆောင်နေသည်ဆိုသော မြန်မာအစိုးရ၏ ပြောဆိုနေမှုအား ပြက်ရယ်ပြုနေသည်။ ပြဿနာတခု လုံးအား လွှမ်းခြုံ၍ ထိရောက်သော အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရမည့်အစား အပေါ်ယံဟန်ပြလုပ်ဆောင် နေမှုများရှိနေသရွေ့ လူကုန်ကူးမှုသည် မဖြေရှင်းနိုင်သည့် ပြဿတရပ်အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်သည်။

ပြည်သူများအား မြန်မာနယ်စပ်ဒေသများသို့ရောက်အောင် ဖိအားပေးနေသော နိုင်ငံရေးနှင့် စီးပွားရေး ပြဿနာများကို ပြုပြင်ပြောင်းလဲရန် အလွန်ပင် အရေးကြီးသည်။ ထို့ကြောင့် KWAT မှ အောက်ဖော်ပြပါ အချက်များအား ချက်ချင်း လုပ်ဆောင်ရန် အကြံပြုတိုက်တွန်းသည်။

**မြန်မာအစိုးရအနေဖြင့်**

- မြန်မာနိုင်ငံ၊ ကချင်ဒေသတွင်းရှိ တပ်စွဲထားသော အစိုးရတပ်များကိုရုတ်သိမ်း၍ စစ်တပ်မှ ကျူးလွန်နေသော အကြမ်းဖက်မှု အားလုံးကို အဆုံးသတ်ကာ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများစတင်ရန်။
- လူသားချင်းစာနာထောက်ထားသည့် အကူအညီပေးရေးအဖွဲ့များအား ကချင်ထိန်းချုပ်နယ်မြေများအတွင်းရှိ အိုးအိမ်မဲ့ စစ်ပြေးဒုက္ခသည်များဆီသို့ လွတ်လပ်စွာ သွားလာခွင့်နှင့် ကူညီထောက်ပံ့ခွင့်ပေးရန်။
- တရားဝင် နယ်စပ်ဖြတ်ကျော်ရန်အတွက် အခြားအသုံးပြုနိုင်သည့် သက်ဆိုင်ရာ အထောက်အထားများကို အသုံးပြုခွင့်ပေးရေး အပါအဝင် တရုတ်-မြန်မာနယ်စပ်ရှိအိုးအိမ်မဲ့စစ်ပြေးဒုက္ခသည်များအတွက် နယ်စပ်ဖြတ်ကျော်ခွင့်လက်မှတ်များရရှိရေးဆိုင်ရာ အကူအညီများပေးရန်။

**တရုတ်အစိုးရအနေဖြင့်**

- မြန်မာနိုင်ငံတွင်းရှိ ပဋိပက္ခစစ်ပွဲများကြောင့် ထွက်ပြေးလာသော ဒုက္ခသည်များအား ခိုလှုံခွင့်နှင့် အကာအကွယ်ပေးရန်။
- တရုတ်နယ်စပ်တလျှောက်ရှိ ကချင်ထိန်းချုပ်နယ်မြေအတွင်းရှိ အိုးအိမ်မဲ့ စစ်ပြေးဒုက္ခသည်များအား ကူညီထောက်ပံ့မှုများ ဖန်တီးပေးရန်။

**နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့်**

- မြန်မာနိုင်ငံအပေါ် လတ်တလောဆိုင်းငံ့ထားသည့် ပစ်မှတ်ထားစီးပွားရေးပိတ်ဆို့မှုအား ပြန်လည်လုပ်ဆောင် ရန်။
- ကချင်ထိန်းချုပ်ဒေသများရှိ အိုးအိမ်မဲ့ဒုက္ခသည်များကို ကူညီရန် ဒေသခံ လူထုအခြေပြုလူ့အဖွဲ့အစည်းများ (CBOs) များမှတဆင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ချက်ချင်းပေးရန်။
- လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်သည့် နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် ကချင်ဒုက္ခသည်များရှိရာ ဒေသများတွင် ဝန်ဆောင်မှုများပေးလျက်ရှိသော ဒေသခံ CBOs အဖွဲ့များအား အသိအမှတ်ပြု ပံ့ပိုးကူညီမှုများလုပ်ဆောင်ရမည်ဖြစ်ပြီး ရှိပြီးသား လုပ်ငန်းစဉ်များနှင့်အပြိုင် ထပ်၍ မလုပ်မိစေရန် သတိပြုရန်။
- လူကုန်ကူးမှုဆန့်ကျင်ရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံတွင်းရှိ လူကုန်ကူးမှုပြဿ နာတရပ်လုံးအား ခြုံငုံသုံးသပ်ဖော်ထုတ်သင့်ပြီး မြန်မာအစိုးရလည်း ထိုနည်းတူစွာ လုပ်ဆောင်နိုင်ရေး တွန်း အားပေးရန်။

## *ပဋိပက္ခစတင်ခဲ့သည့်အချိန်မှစ၍ ဖြစ်ပွားခဲ့သော ကချင်နယ်စပ်ဒေသများမှ လူကုန်ကူးမှုများ (လူကုန်ကူးမှု (သို့) လူကုန်ကူးမှုမြောက်သော ဖြစ်ရပ်များ)*

| | အသက် | လိင် | ရက်စွဲ | မူရင်းနေရပ် | လူကုန်ကူးခံရသည့် နေရာ | ဖြစ်ရပ်အနှစ်ချုပ် |
|---|---|---|---|---|---|---|
| ၁ | ၅၄ | မ | ၂၀၁၁ ခုနှစ်၊ ဇွန် | လိုင်ဇာအနီးရှိ ဒုက္ခသည်စခန်း | ယူနန်ရှိ ကျေးရွာ | လုပ်ခမပေးပဲ အတင်းအဓမ္မခိုင်းစေခံရပြီး တရုတ်လူမျိုးအရက်သမား၏ ဇနီးဖြစ်ခဲ့ရသည်။ |
| ၂ | ၁၄ | ကျား | ၂၀၁၁ ခုနှစ်၊ ဇွန် | လိုင်ဇာအနီးရှိ ဒုက္ခသည်စခန်း | ယူနန်ရှိ ကျေးရွာ | နွားကျောင်းသားအဖြင့် အတင်းအဓမ္မစေခိုင်း ခံခဲ့ရသည်။ |
| ၃ | ၁၆ | မ | ၂၀၁၁ ခုနှစ်၊ ဇွန် | လိုင်ဇာ | အမည်မသိ | ယောက်မဖြစ်သူ၏ ရောင်းစားခြင်းခံခဲ့ရသည် |
| ၄ | ၄ | ကျား | ၂၀၁၁ ခုနှစ်၊ ဇွန် | လိုင်ဇာ | အမည်မသိ | အမေဖြစ်သူ၏ ရောင်းစားခြင်းခံခဲ့ရသည် |
| ၅ | ၂၅ | မ | ၂၀၁၁ ခုနှစ် ဇွန်လ နောက်ပိုင်း | ကွတ်ခိုင် | ယင်ကျန်း နားရှိ ကျေးရွာ | တရုတ်အမျိုးသား၏ မိန်းမအဖြစ် ရောင်းစား ခံခဲ့ရပြီး ၂-၃ လအကြာ ထွက်ပြေးလွတ် မြောက်ခဲ့သည်။ |
| ၆ | ၁၉ | မ | ၂၀၁၁ ခုနှစ် ဩဂုတ် | မိုင်ဂျာယန်အနီးရှိ ဒုက္ခသည်စခန်း | မန်ရှီ | သူမ၏ကလေးကိုရောင်း၍ တရုတ်အမျိုးသားနှင့် ယူရန် ပွဲစား၏ အယုံသွင်းမှုကို ခံခဲ့ရသည်။ နောက်ပိုင်းတွင် သူမအား ကယ်တင်နိုင်ခဲ့သည်။ |
| ၇ | ၂၀ | မ | ၂၀၁၁ စက် တင်ဘာလ | ဇောင်ဖန်း | အမည်မသိ | လိင်အလုပ်သမလုပ်ရန်အတွက် လိမ်လည်ရောင်းစား ခံရပြီး အိမ်ပြန်ပို့ခံခဲ့ရသည်။ ပြန်ပို့သည့်လမ်းခရီးတွင် ပျောက်ဆုံးခဲ့သည်။ |
| ၈ | ၁၇ | မ | ၂၀၁၁ ဩဂုတ် | လိုင်ဇာအနီးရှိ ဒုက္ခသည်စခန်း | ယင်ကျန်း | တရုတ်နိုင်ငံသို့လာရန် ဦးလေး၏ အတင်းခေါ် ဆောင်ခံခဲ့ရပြီး ယွမ် ၃ ထောင်ဖြင့် တရုတ်အမျိုးသား တဦးထံ ရောင်းစားခံခဲ့ရသည်။ အမေဖြစ်သူမှာလည်း စာမတတ်သောကြောင့် အလိမ်ခံခဲ့ရသည်။ |
| ၉ | ၁၁ | မ | ၂၀၁၁ စက် တင်ဘာလ | လိုင်ဇာအနီးရှိ ဒုက္ခသည်စခန်း | အမည်မသိ | တပတ်လောက်ပျောက်ဆုံးခဲ့ပြီး အစ်မဖြစ်သူမှ ပြန် ခေါ်လာခဲ့သည်။ |
| ၁၀ | ၁၈ | မ | ၂၀၁၁ စက် တင်ဘာလ | လိုင်ဇာ | တန်ချုန်း | အလုပ်လုပ်ရန် ထွက်သွားရာမှ ပျောက်ဆုံးခဲ့သည်။ |
| ၁၁ | ၁၈ | မ | ၂၀၁၁ ဒီဇင်ဘာ | မိုင်ဂျာယန်အနီးရှိ ဒုက္ခသည်စခန်း | အမည်မသိ | အလုပ်ဘန်းပြ၍ လိမ်လည်ရောင်းစားခံခဲ့ရပြီး ထိုအမှု အား တရုတ်အာဏာပိုင်များမှ စုံစမ်းဖောက် ထုတ် နိုင်ခဲ့ပြီး အိမ်ပြန်ပို့ခဲ့သည်။ |
| ၁၂ | ၁၅ | မ | ၂၀၁၂ ဇန်နဝါရီ | လိုင်ဇာအနီးရှိ ဒုက္ခသည်စခန်း | ရွှေလီအနီး | ယုံကြည်ရသူတဦးမှ တရုတ်အမျိုးသားတဦးထံ ယွမ် ၂ သောင်းဖြင့် လိမ်လည်ရောင်းစားခံခဲ့ရသည်။ |
| ၁၃ | ၂၇ | မ | ၂၀၁၂ ဇန်နဝါရီ | လိုင်ဇာ | အန်ဟူ | ယွမ် ၅ သောင်းဖြင့် ဇနီးအဖြစ်ရောင်းစားခံရပြီး ထွက်ပြေးလွတ် မြောက်ခဲ့သည်။ |
| ၁၄ | ၁၇ | မ | ၂၀၁၂ ဖေဖော်ဝါရီ | ဘာမို | ဘောင်ရှမ်း | မူးယစ်ဆေးဝါးအထိုးခံရပြီး လိမ်လည်ရောင်းစား ခံခဲ့ရသော်လည်း တရုတ်ရဲများမှ စုံစမ်းဖော်ထုတ် နိုင်ခဲ့ပြီး ယင်ကျန်း သို့ ပြန်လည်ပို့ဆောင်ခဲ့သည် |

| | အသက် | လိင် | ရက်စွဲ | မူရင်းနေရပ် | လူကုန်ကူးခံရသည့် နေရာ | ဖြစ်ရပ်အနှစ်ချုပ် |
|---|---|---|---|---|---|---|
| ၁၅ | ၁၅ | မ | ၂၀၁၂ မတ်လ | လိုင်ဇာအနီးရှိ ဒုက္ခသည်စခန်း | ရွှေလီ | ယုံကြည်ရသူတဦးမှ တရုတ်အမျိုးသားတဦးထံ ယွမ် ၂ သောင်းဖြင့် လိမ်လည်ရောင်းစားခံခဲ့ရသည်။ |
| ၁၆ | ၂၀ | မ | ၂၀၁၂ ဧပြီ | လိုင်ဇာအနီးရှိ ဒုက္ခသည်စခန်း | ယင်ကျန်း | လိမ်လည်မုဒိမ်းကျင့်ခံခဲ့ရသည် |
| ၁၇ | ၂၂ | မ | ၂၀၁၂ မေလ | မိုင်ဂျာယန်အနီးရှိ ဒုက္ခသည်စခန်း | ယင်ကျန်း | တရုတ်မိသားစုတွင် အလုပ်လုပ်ရန် လိမ်လည်ခံခဲ့ရပြီး လက်ထပ်ရန် ဖျားယောင်းခံခဲ့ရသည်။ |
| ၁၈ | ၃၁ | မ | ၂၀၁၂ ဇွန် | မိုင်ဂျာယန်အနီးရှိ ဒုက္ခသည်စခန်း | ရှန်တုန်း | ယွမ် ၃သောင်းခွဲဖြင့် တရုတ်အမျိုးသားတဦးထံ ဇနီးမယားအဖြစ် ရောင်းစားခံခဲ့ရသည်။ |
| ၁၉ | ၂၅ | မ | ၂၀၁၂ ဩဂုတ် | လိုင်ဇာ | ကူမင်းမှ ၂ ရက်ကြာ သွားရသည့် နေရာ | သူငယ်ချင်းတဦးမှ အလုပ်ဘာန်းပြ၍ ယွမ် ၆ ထောင်ဖြင့် တရုတ်မိသားစု/အမျိုးသားထံသို့ ရောင်းစားခံခဲ့ရသည်။ ထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း နေရပ်ပြန်ခင် ရဲစခန်းတွင် ၃ လ ထိန်းချုပ်ခံခဲ့ရသည်။ |
| ၂၀ | ၂၁ | မ | ၂၀၁၂ နှစ်ကုန်ပိုင်း | ယင်ကျန်း (မူလ ကချင်ပြည်နယ်မှ) | ဖူရှန် | ပိုကောင်းသည့်အလုပ်ပေးမည်ဟုဆိုကာ တရုတ်အမျိုးသားနှင့်ယူရန် စေခိုင်းခံခဲ့ရသည်။ နောက်ပိုင်းတွင် လွတ်မြောက်ခဲ့သည်။ |
| ၂၁ | ၁၇ | မ | ၂၀၁၃ ဇန်နဝါရီ | လိုင်ဇာအနီးရှိ ဒုက္ခသည်စခန်း | အမည်မသိ | ရည်စားဖြစ်သူ၏ လိမ်လည်ရောင်းစားခြင်းကို ခံခဲ့ရပြီး ပျောက်ဆုံးနေဆဲဖြစ်သည်။ |
| ၂၂ | ၂၁ | မ | ၂၀၁၃ မတ် | မြစ်ကြီးနားအနီးရှိ ဒုက္ခသည်စခန်း | ပေါင်ရှမ်းမှ ဘတ်စ် ကားဖြင့် ၃ ရက်ကြာ သွားရသည့်နေရာ | တရုတ်နိုင်ငံတွင်း အလုပ်ပေးမည်ဆိုကာ ယွမ် ၂သောင်း ၇ ထောင်ဖြင့် တရုတ်အမျိုးသားတဦးထံ ရောင်းစားခံခဲ့ရသည်။ |
| ၂၃ | ၁၆ | မ | ၂၀၁၃ ဧပြီ | လိုင်ဇာအနီးရှိ ဒုက္ခသည်စခန်း | ကူမင်းမှ ဘတ်စ် ကားဖြင့် ၃ ရက်ကြာ သွားရသည့်နေရာ | တရုတ်မိသားစုတစုထံသို့ ယွမ် ၃ သောင်းဖြင့် ရည်စားဖြစ်သူ၏ လိမ်လည်ရောင်းစားခြင်း ခံခဲ့ရ သည်။ |
| ၂၄ | ၁၈ | မ | ၂၀၁၃ ဧပြီ | လိုင်ဇာအနီးရှိ ဒုက္ခသည်စခန်း | ယူနန်ရှိ တာလီမြို့ | မိဘများမရှိသည့်အချိန်တွင် တရုတ်နိုင်ငံသို့ အမျိုး သားနှစ်ဦးခေါ်ဆောင်ခြင်းခံခဲ့ရပြီး မုဒိမ်းကျင့်ခံခဲ့ရ ကာ တရုတ်မိသားစုထံသို့ ယွမ် ၃ သောင်း ၆ ထောင် ဖြင့် ရောင်းစားခံခဲ့ရသည်။ |

# ကချင်အမျိုးသမီးများအစည်းအရုံး (ထိုင်းနိုင်ငံ) ၏ နောက်ခံသမိုင်းကြောင်း

ကချင်ပြည်နယ်အတွင်း ဆိုးရွားလှသည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများကြောင့် အမျိုးသမီး၊ အမျိုးသားများအပါအဝင် ကချင်လူမျိုးအများအပြား အထူးသဖြင့် လူငယ်များသည် မိမိတို့၏ အမိမြေကို စွန့်ခွာ၍ နိုင်ငံခြား တိုင်းပြည်များသို့ ပြန့်ကျဲထွက်ခွာခဲ့ရကြသည်။ ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိခဲ့သော ကချင် လူမျိုးအရေအတွက်သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခဲ့ပေသည်။ အထက်တွင် ဖော်ပြခဲ့သော ပြဿနာများသည်လည်း ကချင်လူမှုအသိုင်းအဝိုင်းအတွင်းတွင် တနေ့ထက်တနေ့ တိုးပွားနေခဲ့သည်။ ၎င်းပြဿနာများကို ဖြေရှင်းရန်အတွက် အမျိုးသမီးများအချင်းချင်းအတူတကွပေါင်းစုကာ အရေးတကြီး လုပ်ဆောင်ရမည်ကို သိမြင်ခဲ့ကြပြီး "ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)" ကို ချင်းမိုင်မြို့၌ စက်တင်ဘာလ ၉ ရက် ၁၉၉၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ မိမိတို့သည် ကချင်အမျိုးသမီးများအစည်းအရုံးနှင့်လည်း ပူးပေါင်းဆောင်ရွက်လျှက်ရှိသည်။ မိမိတို့ ကချင်အမျိုးသမီးများအစည်းအရုံး (ထိုင်းနိုင်ငံ) သည် အဖွဲ့ဝင် အဖွဲ့အစည်း ၁၃ ဖွဲ့ဖြင့် ပေါင်းစည်းထားသည့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ကို စတင်ဖွဲ့စည်းခဲ့သည့် အဖွဲ့တဖွဲ့လည်းဖြစ်ပါသည်။

## ရည်မှန်းချက်

အမျိုးသမီးနှင့် ကလေးငယ်များ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ရေးနှင့် တိုးတက်မြင့်မားစေရေး။

## ဦးတည်ချက်

1. အမျိုးသမီးအခွင့်အရေး၊ ကလေးအခွင့်အရေးများနှင့် ကျားမတန်းတူရေးကို တိုးမြှင့်သွားရန်။
2. နိုင်ငံရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ ပူးပေါင်း ပါဝင်မှုကို တိုးမြှင့်သွားရန်။
3. လူကုန်ကူးမှုများအပါအဝင် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများကို ဆန့်ကျင် တိုက်ဖျက် သွားရန်။
4. ကျန်းမာရေးဝန်ဆောင်မှုများနှင့် ကျန်းမာရေးပညာပေးခြင်းများကို ထောက်ပံ့လုပ်ဆောင်ပေးသွားရန်။
5. သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးတို့နှင့်ပတ်သက်သည့် ပညာပေးလုပ်ငန်းများ ကို အမျိုးသမီးများအကြား တိုးမြှင့်လုပ်ဆောင်သွားရန်။
6. တရုတ်နိုင်ငံအတွင်း လူကုန်ကူးခံရသော အမျိုးသမီးများအား ကယ်ဆယ်ကူညီပေးသွားရန်။